ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့ (12-1-2011) (၆၆၄၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့နိုင်ငံတော်၏ အခြေအနေသည် ခေတ်သစ်၊ စနစ်သစ်တစ်ခုကို ကူးပြောင်းနိုင်မည့် လမ်းကြောင်းမှန်ပေါ်ရောက်ရှိနေ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စိတ်ပိုင်းဆိုင်ရာ အခြေခံကောင်းများကို ပြည့်ထောင်စုအနှံ့ တည်ဆောက်ထားနိုင်

လက်ရှိအနေအထားတွင် ရရှိထားပြီးဖြစ်သည့် အခြေအနေကောင်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက် တစ်ချိန်တည်းမှာပင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်စက်မှုနိုင်ငံတော်ကြီးဆီသို့ တစ်ဆင့်မြှင့်တက်လှမ်းနိုင်အောင် ကြိုးပမ်း

နေပြည်တော်　　ဇန်နဝါရီ　　၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပြီးစီးသည့် ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် ကျောင်းကုန်းမြို့နယ် ကံကလေးလမ်းဆုံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်၍ အမှာစကားပြောကြားပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့နှင့် တိုင်းရင်းသား ရိုးရာအကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✽

ရောဝတီမြစ်ကြီးနှင့်အပြိုင် တိုင်းဒေသကြီး (၄)ခုကို ဖြတ်သန်းဖောက်လုပ်ထားသည့် ပုသိမ်-မုံရွာ လမ်းမကြီးကို ကတ္တရာလမ်းအဖြစ် ရာနှုန်းပြည့် အဆင့်မြှင့်တင် ဖောက်လုပ်ဖွင့်လှစ်။



စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror

၁၂-၁-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

ဆောင်းရာသီတွင် ကလေးငယ်များကျန်းမာမှု သတိပြု

ယခုနှစ် ဆောင်းရာသီတွင် အအေးဓာတ် ပိုမိုလာသည်ကို တွေ့ရသည်။ အချိန်အခါမဲ့ မိုးများရွာသည့်အခါ ဆောင်းအအေးနှင့်ပေါင်း၍ ပိုမိုချမ်းအေးသည့်ဒဏ် ခံစားကြရသည်။ ယင်းသို့ ရာသီဥတု အအေးပြင်းထန်သည့်အချိန်တွင် ကလေးငယ်များ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်သဖြင့် အထူးဂရုစိုက်ကြရမည်ဖြစ်သည်။

ရာသီဥတုအေးသည့်အခါ သာမန်နှာစေးချောင်းဆိုး ဖြစ်တတ်သည်။ ရာသီတုပ်ကွေးရောဂါကို ဖြစ်စေသည့် ဗိုင်းရပ်စ်ကြောင့် နမိုးနီးယား အဆုတ်ရောင်ရောဂါရနိုင်သည်။ ရိုးရိုးရာသီတုပ်ကွေး ဖြစ်ပြီးသည့်အခါ ကိုယ်ခံအားယာယီကျချိန်၌ အဆုတ်ရောင်ရောဂါ ဖြစ်စေနိုင်သဖြင့် ရာသီတုပ်ကွေးရောဂါကာကွယ်ဆေးများ ထိုးထားသင့်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို သာမန်နှာစေးချောင်းဆိုး ဖြစ်သောအဆင့်၊ ရိုးရိုးအဆုတ်ရောင်ရောဂါဖြစ်ပွားသောအဆင့်၊ ပြင်းထန်အဆုတ်ရောင်ရောဂါ ဖြစ်သောအဆင့်နှင့် အလွန်ပြင်းထန်အဆုတ်ရောင်ရောဂါဖြစ်သောအဆင့်ဟူ၍ ခွဲခြားသတ်မှတ်ထားသည်။ ယင်းတို့အနက် ကလေးများတွင် ပြင်းထန်နမိုးနီးယား အဆုတ်ရောင်ရောဂါနှင့် အလွန်ပြင်းထန်နမိုးနီးယား အဆုတ်ရောင်ရောဂါတို့ ဖြစ်ပွားပါက ဆေးရုံသို့ မဖြစ်မနေပို့ရန် လိုအပ်မည်ဖြစ်သည်။

သာမန်နှာစေးချောင်းဆိုးဖြစ်ရာမှ နမိုးနီးယားဝင်လာသည့်အခါ ကလေး၏အသက်ရှူနှုန်း ပိုမြန်လာတတ်သည်။ ပြင်းထန်သည့် နမိုးနီးယား ဖြစ်ပါက အသက်ရှူလိုက်သည့်အခါ နံရိုးအောက်ချိုင့်ဝင်သွားသည်ကို တွေ့ရပေမည်။ အလွန်ပြင်းထန်သည့် အဆုတ်ရောင်ရောဂါဖြစ်လျှင် ကလေးငယ်သည် ပြာလာခြင်း၊ မှိန်းနေခြင်း၊ တက်ခြင်း၊ နို့မစို့ခြင်း၊ သတိလစ်ခြင်း၊ အသက်ရှူလျှင် လည်ချောင်းအစ်ဆို့သံပေါ်လာခြင်း လက္ခဏာများဖြစ်လာနိုင်သဖြင့် အန္တရာယ်ရှိပေသည်။

ကျန်းမာရေးဝန်ကြီးဌာနက ကလေးများအား ကာကွယ်ဆေးထိုးသည့် စီမံချက်တွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ကာကွယ်နိုင်သည့် ကာကွယ်ဆေးများ ပါဝင်သည်။ တီဘီရောဂါကာကွယ်ဆေး၊ ဆုံဆို့ကြက်ညှာ၊ မေးခိုင်ရောဂါကာကွယ်ဆေး၊ ဝက်သက်ရောဂါကာကွယ်ဆေးများသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ကာကွယ်ပေးနိုင်သည်။ မိဘများအနေဖြင့် ကာကွယ်ဆေးများကို သတ်မှတ်ချိန်အတွင်း ပုံမှန်ထိုးပေးနိုင်ရေး ဂရုပြုကြရပေမည်။

အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများသည် အထူးသဖြင့် လေထဲမှတစ်ဆင့် ကူးစက်နိုင်သည်။ ဘက်တီးရီးယားပိုး၊ ဗိုင်းရပ်စ်ပိုးများကြောင့်လည်း ဖြစ်ပွားနိုင်သည်။ ထို့အပြင် ထင်းမီးဖြင့်ချက်ပြုတ်သော နေအိမ်များတွင် ထွက်လာသည့် အခိုးအငွေ့များ၊ ခြင်ဆေးခွေ၊ အမွှေးတိုင်များမှ ထွက်သည့် အခိုးအငွေ့များ၊ မိဘနှင့် မိသားစုများ သောက်သည့်ဆေးလိပ် မီးခိုးငွေ့များကို ရှူရှိုက်မိရာမှ ကလေးများတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်ပွားနိုင်သည်။ မိဘပြည်သူတိုင်းက ကျန်းမာရေးသတိပေးချက်များကို သတိဖြင့် ရှုမြင်ဆင်ခြင် လိုက်နာကြခြင်းဖြင့် ပြည်သူတိုင်း ကျန်းမာပျော်ရွှင် ချမ်းမြေ့နိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



အမှတ်(၁) စက်မှုဝန်ကြီးဌာန ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာမွမ်းမံသင်တန်းနှင့် အင်္ဂလိပ်ဘာသာအဆင့်မြင့်သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၁)နှင့် အင်္ဂလိပ်ဘာသာ အဆင့်မြင့်သင်တန်း အမှတ်စဉ်(၁/၂၀၁၁) နေပြည်တော်သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း **(အပေါ်ပုံ)**တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် ယခုဖွင့်လှစ်သော ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာမွမ်းမံသင်တန်းအား ရုံးဌာနအသီးသီးတွင် ကွန်ပျူတာတာဝန် ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအနေဖြင့် ပြောင်းလဲလာသည့် ကွန်ပျူတာနည်းပညာရပ်များကို စဉ်ဆက်မပြတ် သိရှိတတ်မြောက် ကျွမ်းကျင်စေရန်၊ သတင်းအချက်အလက် လုံခြုံရေးဆိုင်ရာ ကွန်ပျူတာပညာရပ်များကို သိရှိနားလည်စေရန်နှင့် ဝန်ကြီးဌာန၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း။

နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရသော ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်ရန်အတွက် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုရှိရန် လိုအပ်ရာ အကြိမ်ကြိမ်အဖန်ဖန် ကြိုးစားလေ့ကျင့်မှသာ ကျွမ်းကျင်လာမည်ဖြစ်သည့်အတွက် သင်တန်းကာလတစ်လျှောက် ကြိုးကြိုးစားစား သင်ယူလေ့လာသွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းများသို့ သင်တန်းသား သင်တန်းသူ ၆၆ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သမဝါယမဘဏ်လီမိတက်(အများပိုင်ဘဏ်) မင်္ဂလာဈေးဘဏ်ခွဲ ပြောင်းရွှေ့ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၁

သမဝါယမဘဏ်လီမိတက် (အများပိုင်ဘဏ်) မင်္ဂလာဈေးဘဏ်ခွဲကို ယခင်ဖွင့်လှစ်ခဲ့သော ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် (၁၁၈) လမ်းနှင့် စက်ရုံလမ်းထောင့် အမှတ်(၅၃)မှ ယခုအခါ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် စက်ရုံလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့် အမှတ်(၁၃၃)သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီးဖြစ်သည်။

ဘဏ်လုပ်ငန်း ကိစ္စအရပ်ရပ်နှင့် ပြည်တွင်းငွေလွှဲလုပ်ငန်းများကို ကောင်းမွန်သော ဝန်ဆောင်မှုနှင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်းနှင့် ဘဏ်လုပ်ငန်းနှင့် စပ်လျဉ်း၍ ဖုန်း-၀၁-၉၀၀၀၁၉၂၊ ၉၀၀၀၁၉၃၊ ၉၀၀၀၁၉၄နှင့် ၉၀၀၀၁၉၅၊ ဖက်စ်-၀၁-၉၀၀၀၁၈၃၊ ၉၀၀၀၁၈၄၊ ၉၀၀၀၁၈၅နှင့် ၉၀၀၀၁၈၆တို့သို့ ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ကြောင်း သမဝါယမဘဏ်လီမိတက် မင်္ဂလာဈေးဘဏ်ခွဲက အသိပေးထားသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ တာမွေမြို့နယ် သမိန်ဗရမ်းလမ်းနေ ကွယ်လွန်သူ ဖခင် ဦးတင်ဦး-မိခင် ဒေါ်ကြင်၊ အစ်ကို ဦးမြကြူတို့အားရည်စူး၍ ကျန်ရစ်သူမိသားစုက ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ လေးထပ်ဘိုးဘွားဆောင်သစ်နှင့် ရေလှောင်ကန်သစ်ကြီးအတွက် ငွေကျပ်ခုနစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ရဲရိပ်သာရပ်ကွက် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ပရိဝုဏ်အတွင်းရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ဒီဇင်ဘာ ၁၂ ရက် နံနက်က မေတ္တာမြူဟာအဖွဲ့က ဦးဆောင်၍ ဆိပ်ကမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်အတွင်းရှိ NGO အဖွဲ့အစည်းများ၊ ဗဟိုအမျိုးသားသွေးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၊ မင်းတုန်းမြို့နယ်အသင်း (ရန်ကုန်)တို့မှ သွေးအလှူရှင် ၁၅၀ ခန့်ဖြင့် (၁၁၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် မြို့နယ် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ ရက်က အမက (၂၄) လခွဲ ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးမြင့်ဇော် ဘက်စုံထူးချွန်ဆုရရှိသော ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ချောက်မြို့ အထက(၁) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ချောက်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) (စနေနေ့) နံနက် ၈ နာရီတွင် ချောက်မြို့ လမ်းမတော်ရှိ တော်ဝင်နန်းခန်းမ ယခင်မှန်နန်းရောင်ရုပ်ရှင်ရုံ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲတွင် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၁၀၀ တို့အား ပူဇော်ကန်တော့နိုင်ရန်အတွက် အလှူငွေများကို ချောက်မြို့ မြန်မာ့စီးပွားရေးဘဏ် ငွေစာရင်းအမှတ် (SF-၃၂၈)သို့ ပေးပို့ လှူဒါန်းနိုင်ပြီး ဦးချစ်နိုင် ဖုန်း-၀၁-၅၅ ၁၇၁၉၊ ဦးကြည်မိုးချစ် ဖုန်း-၀၉-၅၀၁၁၆၄၃၊ ဦးကိုကိုဝင်း ဖုန်း-၀၉-၅၁၇၁၄၈၃၊ ဒေါ်သန္တာဖုန်းဝင်း ဖုန်း-၀၂-၈၀၁၉၇၊ ဦးညဏ်သောင်း ဖုန်း-၀၆၁-၂၁၁၇၃၊ ဦးစိုးလွင် ဖုန်း-၀၉-၂၃၀၅၁၂၇နှင့် ဒေါ်ဌေးကြည် ဖုန်း-၀၆၁-၂၁၂၃၆ တို့သို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပင်လည်ဘူးစည်ပင် သန့်ရှင်းရေးဆောင်ရွက်

ပင်လည်ဘူး ဇန်နဝါရီ ၁၁

ပင်လည်ဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဗိုလ်ချုပ်လမ်းကပ်တုံးများ ဆေးသုတ်ခြင်း၊ သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၃၀ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသိန်းဆွေမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးပြည်စိုးဝင်းကျော်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဒုတိယဥက္ကဋ္ဌ (အငြိမ်းစား) စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ပါမောက္ခဦးမော်သန်းက "Business Social Responsibility Ethics and Professional Practice" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည် ဖြစ်သည်။

ဟောပြောပွဲ တက်ရောက်ရန်အတွက် ဇန်နဝါရီ ၂၆ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း (အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်သည်။

လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် နယ်မှလာရောက်ရသူများသည် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း -၂၁၄၆၅၃ သို့ကြိုတင်ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်အောင်မြို့နယ် သပြေကုန်းရွာ(ကံသစ်)အမက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သပြေကုန်းရွာ(ကံသစ်) မူလတန်းကျောင်း အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးမြင့်အောင် ဖုန်း-၀၉-၈၅၅၀၂၇၅၊ ဒေါ်တာတာ ဖုန်း-၀၄၄-၅၀၂၅၂၊ ဦးတင်လှ ဖုန်း-၀၉-၈၅၈၇၅၈၅နှင့် ကျောင်းအုပ်ဆရာကြီး ဦးစောထွန်း ဖုန်း-၀၉-၄၉၇၂၃၈၃၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ ကိုယ်တိုင်ရော၊ ကျောင်းသား၊ ကျောင်းသူတပည့်များကိုပါ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်

နေပြည်တော် ဇန်နဝါရီ ၁၁

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၀) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညဏ်ထွန်းအောင်၊ အထက်မြန်မာပြည် တရားရုံးချုပ်တရားသူကြီး ဦးစန်းတင့်ရီ၊ မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညီထွန်းနှင့် ဦးကျော်အောင်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများနှင့် လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ အခြေခံပညာ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)သီဟသူရဦးတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အဖွင့်အမှာစကားပြောကြားရာ၌ ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိတို့နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်နေသည့် နည်းပညာများကိုရယူပြီး ဘဏ္ဍာရေးအရင်းအမြစ်၊ သဘာဝအရင်းအမြစ်နှင့် လူသားအရင်းအမြစ်များကို ပေါင်းစည်းခြင်းနည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းလျက်ရှိနေကြကြောင်း၊ ယခုကဲ့သို့ ကြိုးပမ်းရယူနေကြသော အရင်းအမြစ်များအနက် နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်မှုတွင် အာမခံချက်အရှိဆုံးဖြစ်သည့် အရည်အသွေးမြင့်မားသော နိုင်ငံသားအသိပညာရှင်၊ အတတ်ပညာရှင်များ ပြည့်စုံပိုင်ဆိုင်နေရန် ပညာရေးကဏ္ဍမှ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေးကို စီမံဆောင်ရွက်ပေးလျက် ရှိကြောင်း။

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းရာတွင် ကိုယ့်ခွန်ကိုယ့်အားဖြင့် ရပ်တည်နိုင်မှသာ ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံသူ၊ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူ့စွမ်းအား အရင်းအမြစ်စွမ်းရည်များကို ဟန်ချက်ညီညီ ပေါင်းစည်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲလျက်ရှိသည့် ခေတ်မီနည်းပညာများကျွမ်းကျင်တတ်မြောက်ပြီး ခေတ်သစ်စိန်ခေါ်မှုအမျိုးမျိုးကို ဖြေရှင်းကျော်လွှားနိုင်ရေး၊ မိမိတို့နိုင်ငံအနေဖြင့် ရရှိပြီးဖြစ်သော ဖွံ့ဖြိုးမှုအလားအလာကောင်းများကို ထိန်းသိမ်းပြီး အရှိန်အဟုန်မပျက် ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် စွမ်းဆောင်ရည်ပြည့်ဝသော မိမိတို့ နိုင်ငံသားပညာတတ် လူ့စွမ်းအားအရင်းအမြစ်များဖြင့်သာ ဖြည့်ဆည်းဖော်ဆောင်သွားနိုင်မည် ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် “မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်” ဆိုသည့် မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့်အညီ အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကိုချမှတ်ပြီး အခြေခံပညာကဏ္ဍအား -

(၁) ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ပညာရေးစနစ်ဖြစ်ထွန်းရေး။
(၂) နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေး။
(၃) အခြေခံပညာရေး အရည်အသွေး မြင့်မားရေး။
(၄) အခြေခံပညာအဆင့်အလိုက် အကြိုသက်မွေးနှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ယူခွင့်ရရှိရေး။
(၅) ခေတ်မီဆက်သွယ်ပို့ချမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ သင်ကြားမှု၊ သင်ယူမှုအခွင့်အလမ်းများ ပိုမိုတိုးတက် ရရှိစေရေး။
(၆) ဘက်စုံပညာပြည့်ဝသည့် နိုင်ငံသားကောင်းများအဖြစ် ပြုစုပျိုးထောင်ပေးရေး။
(၇) ပညာရေးစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားရေး။
(၈) မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အခြေခံပညာ ဖွံ့ဖြိုးမှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရေး။
(၉) ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး။
(၁၀) ပညာရေးသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုသည့် လုပ်ငန်းစဉ်(၁၀)ရပ်အား ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ရင်သွေးငယ်များဖြစ်သော ကျောင်းသား၊ ကျောင်းသူများအား နေ့စဉ်နှင့်အမျှ ပညာသင်ကြားလေ့ကျင့်ပေးခြင်းဖြင့် မျိုးဆက်သစ်များမှတစ်ဆင့် အနာဂတ်နိုင်ငံတော်ကို ဖန်တီးပုံဖော်နေကြသူများ ဖြစ်သည့်အတွက် အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းစဉ်များ အောင်မြင်စေရေးတွင် အခြေခံပညာ ဆရာ၊ ဆရာမများသည် အဓိကကဏ္ဍက ပါဝင်လျက်ရှိနေကြကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းတည်ဆောက်သွားကြမည့် မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များအား အမျိုးသားရေးစိတ်ဓာတ် အခြေခံကောင်းများဖြစ်သော စစ်မှန်သောမျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာမှု၊ အရည်အသွေးပြည့်ဝသည့် နိုင်ငံ့သားကောင်းများ၊ ကျွမ်းကျင်ပညာရှင်များအဖြစ် ပေါ်ထွန်းလာစေရေးအတွက် မိမိတို့နိုင်ငံ၏ အဆင့်ဆင့် ဖြတ်သန်းလာခဲ့သော သမိုင်းရေး အတွေ့အကြုံများ၊ အမျိုးသားရေးဆိုင်ရာ ပကတိအနေအထားများအပေါ် မျက်ခြည်မပြတ်သိမြင်ပြီး မြန်မာ့ပညာရေး မျှော်မှန်းချက်နှင့်အညီ ပညာရေးကဏ္ဍမှ လေ့ကျင့်မွေးထုတ်ပေးကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၀) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ကိုယ်တိုင်ရော၊ ကျောင်းသား၊ ကျောင်းသူ တပည့်များကိုပါ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ခြင်းဖြင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်း အခြေခံပညာကဏ္ဍ လုပ်ငန်းစဉ် (၁၀)ရပ်ကို ဖော်ဆောင်သွားကြရန်၊ ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး အမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် တိုင်းရင်းသားများအားလုံးနှင့်အတူ ပူးပေါင်းပါဝင်ပြီး အမျိုးသားရေးအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန်၊ နိုင်ငံ့ဝန်ထမ်းများပီပီ ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ လိုက်နာရမည့် စည်းကမ်းကို အမျိုးသားရေးအသိနှင့်ယှဉ်တွဲပြီး လိုက်နာဖော်ဆောင်သွားကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဖွင့်ပွဲသို့ တက်ရောက်လာကြသူများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

သင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အခြေခံပညာ ဆရာ၊ ဆရာမ ၁၅၁၂ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

နတ်မောက် စက်မှုလက်မှု အထက(၁) မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ စက်မှုလက်မှု အထက(၁) ကျောင်းသားဟောင်းများ၏ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် (Royal Garden Restaurant)ဗိုလ်ချုပ်ပန်းခြံ ကန်တော်ကြီး ဗဟန်း [ယခင်စက်မှုလက်မှု အထက(၁) ကျောင်းရှေ့]၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေ လှူဒါန်းလိုသူများသည် ဦးလှထွန်း ဖုန်း-၀၉-၈၀၂၂၉၅၆၊ ဦးစိုးဝင်း ဖုန်း-၀၉-၅၀၇၁၈၀၇၊ ဦးသိန်းဝေ ဖုန်း-၅၁၂၉၁၈၊ ဦးသန်းထွန်း ဖုန်း-၅၆၆၄၀၂၊ ဦးဝင်းတင် ဖုန်း-၅၆၃၆၉၈၊ ဦးထွန်းထွန်းလွင် ဖုန်း-၀၉-၂၀၀၅၉၉၄၊ ဦးဘသိန်း ဖုန်း-၃၉၈၁၉၄၊ ဦးအောင်သာကျော် ဖုန်း-၀၅၃-၂၈၇၀၀၊ ဦးစိုးတင့် ဖုန်း-၀၉-၅၁၀၂၅၂၇၊ ဦးအေးကြူ ဖုန်း-၆၄၇၃၄၇၊ ဦးနေလင်း ဖုန်း-၀၉-၅၀၂၇၄၄၉ နှင့် ဦးသန်းဆွေ ဖုန်း-၀၉-၅၀၁၂၇၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကျောက်ဖြူ ဥပစာကောလိပ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ကျောက်ဖြူဥပစာကောလိပ် ကျောင်းသား၊ ကျောင်းသူများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၅ ရက်တွင် ရန်ကုန်မြို့ ကန်တော်မင်ဥယျာဉ်အတွင်းရှိ ရွှေဘဲ စားသောက်ဆိုင် (ယခင်ရှမ်းကန် စားသောက်ဆိုင်)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထား၍ ဦးကျော်မွေး ဖုန်း- ၅၀၃၀၂၃၊ ဦးလှအောင် ဖုန်း-၅၂၆၈၈၆၊ ဦးမောင်မောင်ခင် ဖုန်း-၀၉-၈၀၃၃၅၈၆၊ ဦးမောင်သိန်းဦး ဖုန်း-၅၈၄၉၂၆ နှင့် ဒေါ်ခင်မေသန်း ဖုန်း-၂၀၃၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၂-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၁၀ ၃။ နိုင်ငံတော်သီချင်း
၄:၁၅ ၄။ အဖွင့်သီချင်း
၄:၂၀ ၅။ အမျိုးသားရေးတေးကဗျာ
၄:၂၅ ၆။ ရွှေဟောင်းသုတ
၄:၃၀ ၇။ မျိုးချစ်တပ်မတော်
၄:၃၅ ၈။ လျှပ်တစ်ပြက်
၄:၄၀ ၉။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၄၅ ၁၀။ မြန်မာ့ရှုခင်း
၄:၅၀ ၁၁။ ကြိုတင်တားဆီးရန်သူမီး
၅:၂၅ ၁၂။ သာယာသီကွေး ခေတ်ဆန်းတေး
၅:၄၀ ၁၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၂၉)**
၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆:၃၅ ၁၆။ Mail Box
၆:၄၅ ၁၇။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း -၃၇)
၇:၀၀ ၁၈။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၄၅)**
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြား သတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ကြိုက်သလောက်ပြော ကျသလောက်ရှင်း (သူရလင်း၊ ဇရာ၊ ကျင်ဝှက်၊ ကျော်ထူး၊ ဝက်မ၊ ချစ်စု၊ ငွေတိုး၊ မိုးတိမ်၊ ရီရီပွင့်ဖြူ၊ တက္ကသိုလ်ဂွမ်းပုံ၊ မျိုးမျိုးခိုင်) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ အိုင်စီတီသုတ
၂၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ဖန်ဆင်းရှင် (အပိုင်း-၄၅)**
၂၇။ သင့်အတွက်မနက်ဖြန်
၂၈။ အပိတ်နှုတ်ဆက်စကား
၂၉။ ပြီးပါပြီ။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (Civil Engineer Technical Division) အဖွဲ့ကကြီးမှူး၍ တက္ကသိုလ်များ လှိုင်နယ်မြေ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room ၌ ဇန်နဝါရီ ၁၅ရက် (စနေနေ့) နံနက် ၉ နာရီခွဲတွင် “Civil Engineering Technopower, Stronger and Longer Bridges Construction” ခေါင်းစဉ်ဖြင့် ဦးအောင်ဆွေက ဟောပြောဆွေးနွေးမည်ဖြစ်ရာ အသင်းဝင်များ၊ မျိုးဆက်သစ် အင်ဂျင်နီယာများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံတော်သစ်ကို ကုလသမဂ္ဂ အသိအမှတ်ပြုရေး ပါလက်စတိုင်းတို့ ကြိုးပမ်းနေ

ရာမာလာ ဇန်နဝါရီ ၁၁

လာမည့် စက်တင်ဘာလအတွင်း ပါလက်စတိုင်းနိုင်ငံတော်ကို ကုလသမဂ္ဂက အသိအမှတ်ပြုရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပါလက်စတိုင်းနိုင်ငံခြားရေးဝန်ကြီး ရီအက်ဒ်မယ်လ်ကီက ဇန်နဝါရီ ၉ ရက်တွင် ပြောကြားသည်။

လက်ရှိကာလတွင်လည်း ပါလက်စတိုင်းနိုင်ငံသစ်ကို အသိအမှတ်ပြုရေးအတွက် ကမ္ဘာ့နိုင်ငံများ၏ သဘောတူညီချက်ကို ရရှိရန်ကြိုးစားလျက်ရှိကြောင်း ၎င်းကပြောကြားခဲ့သည်။

ပါလက်စတိုင်းအာဏာပိုင်အဖွဲ့၏ လှုပ်ရှားမှုသည် အစ္စရေးနှင့်ပါလက်စတိုင်းအကြား ဆက်လက်ဆွေးနွေးနိုင်ခြင်း မရှိသေးသော ငြိမ်းချမ်းရေးသဘောတူညီချက်ဘောင် ပြင်ပမှ ပါလက်စတိုင်းနိုင်ငံသစ် ထူထောင်ရေးအတွက် လုပ်ဆောင်လျက်ရှိသည့် စီမံချက်-ဘီဟုခေါ်သော လှုပ်ရှားမှုဖြစ်သည်။

ပါလက်စတိုင်းနိုင်ငံသစ်ကို အသိအမှတ်ပြုရေးသည် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဖြစ်နိုင်ဖွယ်ရှိသော်လည်း လုံခြုံရေးကောင်စီက အသိအမှတ်ပြုနိုင်ရေးကိုမူ အမေရိကန်ပြည်ထောင်စု၏ ဗီတိုအာဏာ သုံးစွဲပယ်ချမှုကို တွေ့ကြုံဖွယ်ရရှိသည်။

လာမည့်စက်တင်ဘာလသည် အစ္စရေးနှင့်ပါလက်စတိုင်းတို့အကြား ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိရေးအတွက် အမေရိကန်သမ္မတ ဘာရက်အိုဘားမားက သတ်မှတ်ရည်မှန်းထားသော ကာလဘောင် တစ်ရပ်ဖြစ်သကဲ့သို့ ပါလက်စတိုင်းဝန်ကြီးချုပ် ဆလမ်ဖေယက်ဒ်က အနာဂတ်ပါလက်စတိုင်းနိုင်ငံတော် ထူထောင်ရေးအတွက် အခြေခံများချမှတ်ရန် သတ်မှတ်ထားသော ကာလလည်းဖြစ်သည်။

အင်တာနက်။

ဂျေ-၂၀ ကိုယ်ပျောက်တိုက်လေယာဉ် စမ်းသပ်ပျံသန်းမှု တရုတ်သမ္မတ အတည်ပြု

ပေကျင်း ဇန်နဝါရီ ၁၁ - တရုတ်နိုင်ငံက ရေဒါဖြင့် ဖမ်းယူထောက်လှမ်းနိုင်စွမ်းမရှိသည့် ကိုယ်ပျောက်တိုက်လေယာဉ်အား ပထမဆုံးအကြိမ်အဖြစ် စမ်းသပ်ပျံသန်းခဲ့သည်ကို တရုတ်သမ္မတ ဟူကျင်ထောင်းက အတည်ပြုခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ်က အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိုပါ အဆင့်မြင့်နည်းပညာသုံး တိုက်လေယာဉ် စမ်းသပ်ပျံသန်းမှုကို အမေရိကန် ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ်၏ ခရီးစဉ်နှင့် ချိန်ကိုက်လုပ်ဆောင်ခဲ့ခြင်းမဟုတ်ဘဲ ယခင်ကတည်းကပင် ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ကြောင်း တရုတ်သမ္မတ ဟူကျင်ထောင်းက ရောဘတ်ဂိတ်စ်အား ပြောကြားခဲ့သည်ဟုဆိုသည်။

ဂျေ-၂၀ အမျိုးအစား ရေဒါဖြင့်ထောက်လှမ်းနိုင်စွမ်းမရှိသည့် ကိုယ်ပျောက်တိုက်လေယာဉ်ကို ယနေ့အောင်မြင်စွာ စမ်းသပ်ပျံသန်းခဲ့ကြောင်း တရုတ်နိုင်ငံ၏ အင်တာနက်သတင်းမီဒီယာများတွင် ဖော်ပြသည်။

ဂျေ-၂၀ အမျိုးအစားတိုက်လေယာဉ်များသည် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံအကြား စစ်ရေးနည်းပညာအရ ကွာဟမှုကို ကျဉ်းမြောင်းသွားစေလိမ့်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

မကြာသေးမီကာလများက တရုတ်သတင်းမီဒီယာများတွင် ဂျေ-၂၀ ကိုယ်ပျောက်တိုက်လေယာဉ် မြေပြင်စမ်းသပ်မှု လုပ်ဆောင်ပုံကို သတင်းဓာတ်ပုံများဖြင့် ဖော်ပြခဲ့ပြီးဖြစ်သည်။



ဂျေ-၂၀ ကိုယ်ပျောက်တိုက်လေယာဉ် စမ်းသပ်ပျံသန်းမှုကို ဇန်နဝါရီ ၁၁ ရက်က တွေ့ရစဉ်။

အမေရိကန်အစိုးရသည် တရုတ်နိုင်ငံနှင့် စစ်ရေးအရ ဆက်ဆံရေးပိုမိုခိုင်မာလာစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယင်းအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ် ပေကျင်းသို့ ရောက်ရှိစဉ်အတွင်း တရုတ်နိုင်ငံက ဂျေ-၂၀ တိုက်လေယာဉ်ကို အောင်မြင်စွာစမ်းသပ်ပြခဲ့ခြင်းဖြစ်သည်။

တရုတ်သမ္မတ ဟူကျင်ထောင်း၏ လာမည့်ရက်သတ္တပတ်တွင်စတင်မည့် အမေရိကန်ပြည်ထောင်စု ခရီးစဉ်အတွင်း တရုတ်နှင့် အမေရိကန်အကြား ခိုင်မာသော စစ်ရေးအရဆက်ဆံရေးကို တည်ဆောက်ရန် အမေရိကန်အစိုးရက မျှော်လင့်ထားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဗြိတိန်လွှတ်တော်အမတ် ကိုယ်ကျိုးရှာခဲ့ကြောင်းဝန်ခံ

လန်ဒန် ဇန်နဝါရီ ၁၁

ဗြိတိန်နိုင်ငံတွင် လွှတ်တော်အမတ်များ၏ အသုံးစရိတ် အရှုပ်တော်ပုံနှင့် ဆက်နွယ်၍ စွပ်စွဲချက်များ ပေါ်ထွက်ခဲ့ရာ လွှတ်တော်အမတ်တစ်ဦးက ၎င်းတွင် အပြစ်ရှိကြောင်း အင်္ဂါနေ့က ဝန်ခံလိုက်သည်။

ဘန်စလေအလယ်ပိုင်းခရိုင်၏ လက်ရှိအောက်လွှတ်တော်အမတ် အီရစ်အိုင်စလေက ၎င်းသည် ပေါင် ၁၄၀၀၀ (အမေရိကန်ဒေါ်လာ ၂၂၀၀၀)ခန့်ကို မရိုးသားစွာ တောင်းခံခဲ့ကြောင်း လန်ဒန်တရားရုံး တစ်ရုံးတွင် ဝန်ခံခဲ့သည်။

ထိုမတိုင်မီက စာရင်းဇယားများ မှားယွင်းစွာဖော်ပြထားသည်ဟု စွပ်စွဲချက်သုံးချက်ကို ၎င်းက ငြင်းဆိုခဲ့သည်။ တရားသူကြီး ဂျွန်ဆန်းဒါးက လာမည့်လတွင် ၎င်းအားပြစ်ဒဏ်များ ချမှတ်မည်ဟု ပြောကြားသည်။

လွန်ခဲ့သည့် သီတင်းပတ်က လွှတ်တော်အမတ်ဟောင်း ဒေးဗစ်ကေတာကို အသုံးစရိတ်များ လိမ်လည်ဖော်ပြခဲ့သည့်အတွက် ထောင်ဒဏ် ၁၈ လကျခံစေရန် တရားရုံးက ဆုံးဖြတ်ခဲ့သည်။

နိုင်ငံရေးသမားများသည် အိမ်များ၊ မြင်းများ၊ မြေဩဇာများနှင့် အပြာရုပ်ရှင်ကားများအပါအဝင် ဝယ်ယူသော ပစ္စည်းများအတွက် ပြည်သူ့ဘဏ္ဍာငွေများအား မည်ကဲ့သို့ လိမ်လည်ထုတ်ယူပုံကို လျှို့ဝှက်မှတ်တမ်းမှ ၂၀၀၉ ခုနှစ်တွင် ဖော်ထုတ်ပြီးနောက် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

အေပီ။

လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ ဇန်နဝါရီ ၁၁ ရက်က ဖွင့်လှစ်လိုက်သော စတော့ရှယ်ယာရောင်းဝယ်ရေးဒိုင်ကို တွေ့ရစဉ်။

ပထမဆုံးသော စတော့ရှယ်ယာဈေးကွက် လာအိုနိုင်ငံ ဗီယန်ကျင်း၌ ဖွင့်လှစ်

ဗီယန်ကျင်း ဇန်နဝါရီ ၁၁ - လာအိုနိုင်ငံ၏ ပထမဆုံးသော စတော့ရှယ်ယာရောင်းဝယ်ရေးဒိုင်ကို မြို့တော်ဗီယန်ကျင်း၌ ဇန်နဝါရီ ၁၁ ရက်တွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

စတော့ရှယ်ယာများ ရောင်းဝယ်ခြင်းနှင့် အစိုးရငွေချေးစာချုပ်များ ရောင်းဝယ်ခြင်းဖြင့် လာအိုနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေများ ဒေါ်လာ ရှစ်ဘီလီယံအထိ ရရှိလာရန် အထောက်အကူရရှိမည်ဟု အစိုးရက မျှော်လင့်သည်။

လာအိုနိုင်ငံ၏ စတော့ရှယ်ယာရောင်းဝယ်ရေးဒိုင် စတင်ဖွင့်လှစ်သည့် နေ့ရက်၌ နိုင်ငံပိုင်ကုမ္ပဏီနှစ်ခု၏ ရှယ်ယာများကို ရောင်းချပေးသည်။ အဆိုပါ ကုမ္ပဏီနှစ်ခုမှာ ဘဏ်လုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတို့နှင့် သက်ဆိုင်သည်။

လာအိုနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခန်းကဏ္ဍမှပါဝင်မည့် စတော့ရှယ်ယာ ရောင်းဝယ်ရေးဈေးကွက်ကို ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း လာအိုဒုတိယဝန်ကြီးချုပ် ဆွမ်ဆာဗက်လန်ဆာဗက်က ပြောကြားသည်။

စတော့ရှယ်ယာရောင်းဝယ်ရေး ဈေးကွက်ဖွင့်ပွဲ အခမ်းအနား၌ ဒုတိယဝန်ကြီးချုပ် ဆွမ်ဆာဗက်က အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။ ဆွမ်ဆာဗက်သည် စတော့ရှယ်ယာရောင်းဝယ်ရေး ကော်မရှင်၏ ဥက္ကဋ္ဌလည်းဖြစ်သည်။

လာအိုစတော့ရှယ်ယာရောင်းဝယ်ရေးဒိုင်၌ ကုမ္ပဏီများကထုတ်ဝေသော ရှယ်ယာများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက ဝယ်ယူခွင့်ရှိသည်။

အင်တာနက်။

ဩစတြေးလျရေဘေး အရေးပေါ် သဘာဝဘေးအန္တရာယ်အဖြစ် ကြေညာ

တိုဝန်ဘာမြို့ ရေလွှမ်းမိုးနေသော လမ်းမတစ်နေရာကို ဇန်နဝါရီ ၁၀ ရက်က တွေ့ရစဉ်။

ဘရစ္စဘိန်း ဇန်နဝါရီ ၁၁ - ဩစတြေးလျနိုင်ငံ၏ တတိယအကြီးဆုံးမြို့တော်ဖြစ်သော ကွင်းစလန်းပြည်နယ်ရှိ ဘရစ္စဘိန်းမြို့တော် ဆင်ခြေဖုံးနေ မြို့သူ၊ မြို့သားများအား ရေဘေးအန္တရာယ်မှ ရှောင်ရှားရန် အာဏာပိုင်များက အင်္ဂါနေ့တွင် တိုက်တွန်းခဲ့ကြောင်း သိရသည်။

၃၇နှစ်တာကာလအတွင်း အဆိုးရွားဆုံးဖြစ်သော ရေဘေးအန္တရာယ် ခြိမ်းခြောက်ခဲ့ပြီးနောက် ကွင်းစလန်းပြည်နယ် လေးပုံသုံးပုံခန့်ကို သဘာဝဘေးအန္တရာယ် ကျရောက်ရာဒေသအဖြစ် ကြေညာခဲ့သည်။ ရေလုံးကြီးများသည် မော်တော်ယာဉ်များနှင့် နေအိမ်များကို ကြိုတင်သတိပေးနိုင်ခြင်းမရှိခင် ဖုံးလွှမ်းဖျက်ဆီးခဲ့ရာ လူ ၁၀ ဦး သေဆုံးခဲ့ပြီး ၇၈ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။

ဘရစ္စဘိန်းမြစ်ရေသည် ဇန်နဝါရီ ၁၃ ရက်နေ့တွင် မြင့်တက်လာဖွယ်ရှိရာ မြို့သူ၊ မြို့သားအများအပြားသည် အင်္ဂါနေ့က မိမိတို့နေထိုင်ရာ အိုးအိမ်များကို စွန့်ခွာထွက်ပြေးလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

မိသားစုဝင်အများအပြားသည် ဘရစ္စဘိန်းမြို့နှင့် အစ်ပ်ဆွစ်မြို့များရှိ ခိုလှုံရာနေရာများ၌ ရွှေ့ပြောင်းနေထိုင်နေကြရကြောင်း သိရသည်။ ဘရစ္စဘိန်းမြို့အနောက်ဘက် မိုင် ၈၀ အကွာရှိ တိုဝန်ဘာမြို့တွင် တနင်္လာနေ့က ရုတ်တရက်ရေကြီးခဲ့ရာ လူ၁၀ ဦး သေဆုံးကြောင်း အာဏာပိုင်များက အတည်ပြုခဲ့သည်။

အင်တာနက်။

အရပ်ဘက်သုံး နျူကလီးယားစွမ်းအင်ဆိုင်ရာ သဘောတူညီချက် ရုရှားနှင့် အမေရိကန်အတည်ပြု

မော်စကို ဇန်နဝါရီ ၁၁

စစ်အေးတိုက်ပွဲကာလ ရန်သူဟောင်းများဖြစ်သော အမေရိကန်နှင့် ရုရှားနိုင်ငံအကြား ဆက်ဆံရေးပြန်လည် တည်ဆောက်ရာတွင် အဓိကခြေလှမ်းတစ်ရပ်အဖြစ် ကာလရှည်ဆိုင်းငံ့ခဲ့ရသော အရပ်ဘက်သုံး နျူကလီးယားစွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို ယနေ့အတည်ပြုလိုက်နိုင်ပြီဖြစ်သည်။

သဘောတူညီချက်-၁၂၃ ဟုခေါ်သည့် အဆိုပါသဘောတူညီချက်နှင့် ပတ်သက်၍ သံတမန်မှတ်တမ်းများကို ရုရှားလက်ထောက်နိုင်ငံခြားရေးဝန်ကြီးနှင့် ရုရှားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးတို့က မော်စကိုမြို့တော်၌ အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

သဘောတူညီချက် -၁၂၃ ကို ၂၀၀၈ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော်လည်း ရုရှား-ဂျော်ဂျီယာစစ်ပွဲကို အကြောင်းပြု၍ နှစ်နိုင်ငံဆက်ဆံရေးတင်းမာခဲ့မှုကြောင့် သဘောတူညီချက်အား အကောင်အထည်ဖော်ရေး ရပ်ဆိုင်းခဲ့ရသည်။

ရုရှားနိုင်ငံနှင့် လုံခြုံရေး၊ ကုန်သွယ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန်၊ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် ကြိုးပမ်းနေသော အမေရိကန်သမ္မတ အိုဘားမားက သဘောတူညီချက် -၁၂၃ ကို အကောင်အထည်ဖော်ရန် စတင်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

အိန္ဒိယမြောက်ပိုင်း၌ အအေးလှိုင်းကြောင့် လူကိုးဦးသေဆုံး

လက်ခ်နောင်း ဇန်နဝါရီ ၁၁

အိန္ဒိယနိုင်ငံ၌ အေးမြသော ရာသီဥတုဒဏ်ကြောင့် အိမ်ခြေရာခြေမဲ့ကိုးဦး အင်္ဂါနေ့က သေဆုံးခဲ့ရာ ရက်သတ္တသုံးပတ်အတွင်း လေအေးတိုက်ခတ်မှုနှင့် အပူချိန်ကျဆင်းမှုတို့ကြောင့် သေဆုံးခဲ့ရသူပေါင်း ၁၁၆ ဦးရှိခဲ့ပြီဖြစ်သည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်သည် ပိုမိုအေးမြလာသော ရာသီဥတုဒဏ်ကို အခံစားရဆုံးပြည်နယ်ဖြစ်ပြီး အိုးအိမ်မဲ့နှင့် ဆင်းရဲနွမ်းပါးသူအများစုပါဝင်သော လူပေါင်း ၉၀ ခန့် သေဆုံးခဲ့ရသည်။

မြူနှင်းများထူထပ်စွာကျဆင်းမှုကြောင့် ဥတ္တရပရာဒေ့ရှ်ပြည်နယ်အတွင်းရှိ မီးရထားခရီးစဉ် ၃၀ ကျော်ကို ဖျက်သိမ်းခဲ့ရပြီး ပြည်နယ်မြို့တော် လက်ခ်နောင်း၏ အဓိကလေဆိပ်သည်လည်း ခရီးစဉ်အများစုကို ပယ်ဖျက်ခဲ့ရသည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ်အစိုးရက အအေးလှိုင်းဒဏ်ကြောင့် လူသေဆုံးမှုများကို ကာကွယ်ရန် ပြည်နယ်အတွင်းရှိ အဓိကလမ်းခွဆုံများ၊ မီးရထားဘူတာရုံနှင့် ကားမှတ်တိုင်များ၌ လဟာပြင်မီးပုံ ၃၅၀၀ ခန့်ကို ဖိုထားရန် စီစဉ်ခဲ့သည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ်၌ အပူချိန်သည် ၃ ဒီဂရီဆဲလ်စီးယပ်စ်အထိ ကျဆင်းခဲ့ပြီး စာသင်ကျောင်းများကိုလည်း ပိတ်ထားရသည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ်သည် အိန္ဒိယနိုင်ငံ၏ အဆင်းရဲဆုံးပြည်နယ်များတွင် ပါဝင်ပြီး လူဦးရေ သန်း ၁၈၀ ရှိသည့် အနက် ငါးပုံတစ်ပုံမှာ အိုးအိမ်မဲ့များဖြစ်ကြောင်း သိရသည်။

အေပီ။

ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း ဂီရိမုန်တိုင်းကြောင့် ပျက်စီးသွားသည့် ရေငန်တားတမံများ ပြန်လည်ဆယ်ဖို့နေမှု ဝန်ကြီး ဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ငရုတ်ခင်းကျေးရွာ၌ စက်ယန္တရားကြီးများဖြင့် ရေငန်တားတမံများ ဆယ်ဖို့နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၁

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် အမ်းမြို့နယ် တပ်တောင်သို့ရောက်ရှိပြီး တပ်တောင်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံး၊ ဆိပ်ခံတံတားနှင့် စစ်တွေ-တပ်တောင်-ကျောက်ဖြူ ရေလမ်းကြောင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့မှတစ်ဆင့် ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ညောင်ချောင်းကျေးရွာအုပ်စု ငရုတ်ခင်းကျေးရွာသို့ရောက်ရှိပြီး ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ ထောက်ပံ့ပစ္စည်းများ၊ ရေငန်တားတမံများ ဆယ်ဖို့ရန်အတွက် လိုအပ်သော ထောက်ပံ့ငွေများ ပေးအပ်ကာ စက်ယန္တရားကြီးများဖြင့် ရေငန်တားတမံများ ဆယ်ဖို့နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ ဇင်တောကျေးရွာအုပ်စု အုန်းနီကျွန်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာပြည်သူများနှင့် တွေ့ဆုံကာ ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ပြီး တာတမံများ ပြန်လည်ဆယ်ဖို့နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် ဖက်ချောင်းကျေးရွာအုပ်စု ဖက်ချောင်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာပြည်သူများနှင့် တွေ့ဆုံကာ ထောက်ပံ့ပစ္စည်းနှင့် စာသင်ကျောင်းပြုပြင်ရန် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး မုန်တိုင်းကြောင့် ပျက်စီးသွားသည့် တာတမံများအား စက်ယန္တရားများဖြင့် ပြန်လည်ဆယ်ဖို့နေမှုကို ကြည့်ရှုစစ်ဆေး၍ လာမည့် စပါးစိုက်ပျိုးရာသီအမီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်ခိုင်ခံ့အောင် စေတနာထားဆောင်ရွက်ရေးနှင့် ပြည်သူများကပါ ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားကြရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူလတန်းကျောင်းဆောင် လှူဒါန်း

မိတ္ထီလာ ဇန်နဝါရီ ၁၁

ဂျပန်နိုင်ငံ ဖူကူအိုကခရိုင် အိအိဇုက မြို့မှ MR. TAKAO YAMA MOTO က မိတ္ထီလာမြို့နယ် မွေကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၀၅)တွင် အလျားပေ ၅၀၊ အနံ ၂၇ ပေ၊ အမြင့် ၁၁ ပေရှိ နံကပ်တိုက် သွပ်မိုးကျောင်းဆောင်သစ် တစ်ဆောင်နှင့် ကျောင်းသုံးပရိဘောဂများ အပါအဝင် စုစုပေါင်းကျပ် ၄၄ သိန်းကျော် ဆောက်လုပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက်က ဥယျာဉ်ကျောင်း၌ ကျင်းပရာ ကျေးရွာ/ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသူများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် MR. TAKAO YAMA MOTO ကိုယ်စား မမြမြတ်ငွေထွန်းက ကျောင်းဆောင်သစ်ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းဆွေထံ ပေးအပ်လှူဒါန်းသည်။

MR. TAKAO YAMA MOTO က ၂၀၀၉-၂၀၁၀ ပညာသင်နှစ်ကလည်း မိတ္ထီလာမြို့နယ် ပျဉ်သာကျေးရွာအုပ်စု ရုံးတောမူလတန်းကျောင်းအား ကျပ်သိန်း ၄၀ ကျော် အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့သည်။ MR. TAKAO YAMA MOTO က မိတ္ထီလာမြို့ ညောင်ကိုင်းကျေးရွာရှိ ပရဟိတ မိဘမဲ့ဂေဟာသို့လည်း အလှူငွေကျပ် ၁၀ သိန်းနှင့် ကျောင်းသားများအတွက် စောင်များ ပေးအပ်လှူဒါန်းခဲ့သည်။ (၁၁၁)

အလှူရှင် MR. TAKAO YAMA MOTO ကိုယ်စား မမြမြတ်ငွေထွန်းက ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းဆွေထံ ကျောင်းလှူဒါန်းသည့် စာရွက်စာတမ်းကို ပေးအပ်လှူဒါန်းစဉ်။ (၁၁၁)

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း နည်းပြများ သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်း၏ သင်တန်းနည်းပြများ သင်တန်းကို ယနေ့နံနက်တွင် ရန်ကုန်မြို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံကိန်းဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Dr. Shin Imai က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Dr. Shin Imai၊ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ TCP/MYA/3301(D) စီမံကိန်းဦးဆောင်ကော်မတီ အကြံပေးပညာရှင် Ms. Josie B.Perez၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနအကြီးအကဲများ၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသားအရာရှိ ၁၀၆ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ လေးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မြိတ်မြို့ အမျိုးသမီးအိမ်တွင်းမှုကျောင်း သင်တန်းဆင်း

မြိတ် ဇန်နဝါရီ ၁၁

မြိတ်မြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၂၆)နှင့် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၅၅) ဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

တနင်္သာရီတိုင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးရဲနိုင်အောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(အောက်ပုံ)** (ကြေးမုံ)

မသန်စွမ်းကလေးများ ဆေးကုသစရိတ် လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း Disabled Children Development Program အရ ယခုနှစ်နိုဝင်ဘာလမှစ၍ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ၊ ရန်ကုန်ကလေးဆေးရုံကြီးနှင့် အရိုးအထူးကုဆေးရုံကြီးတို့တွင် တက်ရောက်ဆေးကုသမှုခံယူနေကြသည့် ငွေကြေးချို့တဲ့သော မသန်စွမ်းကလေးများအတွက် အထောက်အကူပြုပစ္စည်း ပေးအပ်ခြင်းနှင့် ဆေးကုသစရိတ် ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ငွေကြေးချို့တဲ့သော မသန်စွမ်းကလေးများ၊ ဆေးရုံများတွင် တက်ရောက်ဆေးကုသမှု ခံယူနေကြသူများအား အထောက်အကူပြု ပစ္စည်းများနှင့် ဆေးကုသစရိတ်များ ထောက်ပံ့နိုင်ရန်အတွက် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း(ရုံးချုပ်) အမှတ်(၅၁) ညောင်တုန်းလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၁၈၄၁၀ နှင့် ၅၁၁၆၈၄၊ ရုံးခွဲများဖြစ်သော မန္တလေး ဖုန်း-၀၂-၉၁၀၁၉၂၆၉၊ တောင်ငူ ဖုန်း-၀၉-၈၀၆၀၂၁၁၊ မော်လမြိုင် ဖုန်း-၀၅၇-၂၄၆၉၇၊ ပုသိမ် ဖုန်း-၀၄၂-၂၁၈၈၆၊ ဟသ်ာတ ဖုန်း-၀၄၄-၂၂၄၈၃၊ ဒေးဒရဲ ဖုန်း-၀၉-၈၅၉၁၉၈ နှင့် ဘိုကလေး ဖုန်း-၀၉-၈၅၉၀၂၆၂ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း သိရသည်။ (၀၄)

သာကေတမြို့နယ် အမှတ်(၂၅) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ စတုတ္ထတန်း မြို့နယ်ဘက်စုံပထမဆုရ မအိသဥ္ဇာအား အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် ဆုချီးမြှင့်စဉ်။ (ပညာရေး)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မိုးရေချိန် စံချိန်သစ်

နေပြည်တော် ဇန်နဝါရီ ၁၁

ယနေ့ နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါ စခန်းများ၌ ဇန်နဝါရီလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိကြောင်း သိရှိရသည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့်နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	သံတွဲ	၇၂	၂ ဒသမ ၈၃	၂၃	၀ ဒသမ ၉၁	၂၉-၁-၁၉၇၁	၆၄
၂။	ပြည်	၃၀	၁ ဒသမ ၁၈	၂၄	၀ ဒသမ ၉၄	၂၈-၁-၂၀၀၈	၄၆
၃။	ရန်ကုန်(ကမ္ဘာအေး)	၃၁	၁ ဒသမ ၂၂	၁၈	၀ ဒသမ ၇၁	၃၀-၁-၁၉၅၃	၄၃
၄။	အောင်လံ	၂၂	၀ ဒသမ ၈၆	၂၀	၀ ဒသမ ၇၉	၁၀-၁-၂၀၁၁	၂၆

(သတင်းစဉ်)

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၏ ပထမဓာတ်အားပေးစက် အမှတ်(၁) ဓာတ်အားစတင်ထုတ်လုပ် မောင်းနှင်လည်ပတ်ခြင်း အခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၁

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးက ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီးရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၏ ပထမဓာတ်အားပေးစက် အမှတ်(၁) ဓာတ်အား စတင်ထုတ်လုပ်မောင်းနှင်လည်ပတ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် အဆိုပါစီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ နိုင်ငံခြားကုမ္ပဏီများမှ အတိုင်ပင်ခံအင်ဂျင်နီယာများနှင့် စီမံကိန်းမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင်အင်အား ၇၅ မဂ္ဂါဝပ်ရှိပြီး စစ်တောင်းမြစ်ဝှမ်းဒေသအတွင်း တည်ဆောက်ဖွင့်လှစ်ပြီး ရေအားလျှပ်စစ်စီမံကိန်းများဖြစ်သည့် ဇောင်းတူ ၂၀ မဂ္ဂါဝပ်၊ ရဲနွယ် ၂၅ မဂ္ဂါဝပ်၊ ခပေါင်း ၃၀ မဂ္ဂါဝပ်၊ ပသိ ၂ ဒသမ ၂ မဂ္ဂါဝပ်တို့ထက် စက်တပ်ဆင်အင်အားအနေဖြင့် အကြီးဆုံးဖြစ်ကြောင်းနှင့် ယခုအခါ ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကာ ပထမစက်တစ်လုံး စတင်လည်ပတ်နိုင်ပြီဖြစ်သည့်အတွက် နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်တို့က ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ပထမစက်တစ်လုံး စတင်လည်ပတ်ခြင်း အထိမ်းအမှတ် အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီး ဦးဇော်မင်းက ရွှေကျင်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ ပထမစက် အမှတ် (၁)ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် ပထမစက်မှ ဓာတ်အားမောင်းနှင် ထုတ်လုပ်နေမှုနှင့် Control Roomမှ Computer System ဖြင့် ဓာတ်အားထိန်းချုပ်ပို့လွှတ်နေမှုတို့ကို လည်းကောင်း၊ ပင်မရေပိုလွှဲ၌ Gantry Crane Beam တပ်ဆင်ပြီးစီးမှု၊ ရေယူအဆောက်အအုံပေါ်မှနေ၍ ပင်မတမံအတွင်း ရေဝင်ရောက်နေမှုနှင့် ရေသိုလှောင်ထားရှိမှု၊ တမံဝဲဘက်ကမ်းရှုရပ်မှနေ၍ စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသည် စက်တစ်လုံးလျှင် ၁၈ ဒသမ ၇၅ မဂ္ဂါဝပ်ရှိ စက်လေးလုံးဖြင့် စုစုပေါင်းတပ်ဆင်အင်အား ၇၅ မဂ္ဂါဝပ်မှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၂၆၂ သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်သည်။ ယခုအခါ အဆိုပါစီမံကိန်း၏ ပထမစက် အမှတ် (၁)မှ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးနိုင်ခဲ့ပြီဖြစ်ပြီး ကျန်ရှိသည့် စက်အမှတ်(၂)၊ စက်အမှတ်(၃)နှင့် စက်အမှတ်(၄) တို့မှလည်း မကြာမီကာလအတွင်း လျှပ်စစ်ဓာတ်အားများ ဆက်လက်ထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်၍ ယခုအခါ စီမံကိန်းတစ်ခုလုံးမှာ ၉၆ ဒသမ ၆၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ရွှေကျင်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ ပထမစက် အမှတ် (၁)ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်တို့ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ပထမစက်တစ်လုံး စတင်လည်ပတ်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ဆွဲအားနှင့်စွဲအား"တရားတော် (ဆရာတော်အရှင်ဆန္ဒာဓိက)
၆း၄၀	ဖူးမြော်မဝပြီဖိုးဦးတောင်စေတီ
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၃)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၀)**
၈း၄၀	ဥပဒေကျောင်းသားများ၏ အာစရိယပူဇော်ပွဲအခမ်းအနား
၈း၅၀	Industrial Talk [ဒေါက်တာအောင်သိန်း၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၉း၁၅	Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)
၉း၃၅	အားကစားမြင်ကွင်းစုံ (မြတ်သူရ၊ ကိုစိုးမိုး၊ ဦးဖေတီ)
၁၀း၀၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "နယူးမော်ဒယ်လ်"
၁၀း၃၅	ဓာတ်ပုံထဲမှအမှတ်တရများ (အေသင်ချိုဆွေ)
၁၁း၀၀	သင်ယူလေ့လာဂီတပညာ (Part-5)(Seventh Chords)
၁၁း၂၅	Activities In The City (မြန်မာနိုင်ငံဆရာဝန်အသင်း ရောဂါဗေဒဆရာဝန်များ၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ)
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀	ရွှေချယ်အစုံစုံရင်သွေးရိပ်မြုံ (ABBN)
၁၂း၃၀	ရန်ကုန်မြင်ကွင်းကျယ် (TTC ဆရာကန်တော့ပွဲ)
၁၂း၅၀	ဆူးလေစေတီတော်ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေး
၁း၀၀	"ဆွဲအားနှင့်စွဲအား"တရားတော် (ဆရာတော်အရှင်ဆန္ဒာဓိက)
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း (အထင်ကြီးတာကောင်းတယ်၊ အထင်မကြီးတာကောင်းတယ်)
၃း၁၀	ဖိုလ်ဝင်တောင်တော်ဘုရားပွဲ လှည်းယဉ်များနှင့်ဆင်ကာနွဲ
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၃)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၀)**
၄း၄၀	ဝိဇာတမွေးနေ့မင်္ဂလာ၊ ပုနေဘသမွဒါနှင့် ဝိဟာရဒါနမင်္ဂလာ (အောင်စကြာမိုးကုတ် ဝိပဿနာဓမ္မရိပ်သာ)
၅း၀၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)
၆း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၄)**
၇း၁၀	ဟိုတယ်လမ်းညွှန် (THE GRAND FOURWINGS CONVENTION HOTEL)
၇း၂၀	Cartoon Show Time (Horton Hears A Whol)
၈း၀၀	MRTV-4 သတင်း
၈း၃၀	သင်ကြားရေးလမ်းညွှန် (YIUS Pre-University Level Studies)
၈း၅၅	Celebrity Style (ဇေယျ)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၁)**
၁၀း၀၅	နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ-ဖြူဖြူကျော်သိန်း)
၁၀း၄၀	တိကျတဲ့အချိန်တိုင်းအတွက်
၁၀း၅၅	Mega Star Talk (ခင်မောင်တိုးနှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
၁၁း၂၀	နွေးထွေးသောမေတ္တာအိမ်ကလေး (ခိုင်ခန့်၊ အောင်ခိုင်၊ ဝါဝါအောင်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
၁၁း၄၀	Box Office Movies (Star Trek)
၁၂း၁၅	Multitude of Market Forms
၁၂း၅၀	ဝါးယင်းလိပ်ရဲ့ယင်းပန်းချီအလှ
၁း၁၀	အန္တရာယ်ကင်းသောမိခင်ဘဝ (ဒေါက်တာသိန်းသိန်းငွေ)
၁း၂၅	World of Knowledge (CYBERLAND)
၂း၁၀	ဖွံ့ဖြိုးဝေဆာသပြေတန်းရွာ ခြွေလှေ့စက်လက်မှုပညာ
၂း၂၀	Celebrity Profile (မန္တလေးသိန်းဇော်)
၂း၅၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၃း၄၅	ယဉ်ကျေးသွင်ပြင် ဝတ်စားဆင်ပိုးချိတ်အသွင်
၄း၀၅	မောတို့မြေမှအံ့ဖွယ်ထူးခြားလိုဏ်ဂူများ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တန်ဖိုးရှိလှ
လူငယ်ဘဝ
မူးယစ်ကင်းစင်
ကျန်းမာမှ

လှူဒါန်း

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ယုဇနလမ်းနေ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ထက်အိကလျာက ဇန်နဝါရီ ၁၂ ရက်တွင် ကျရောက်သော မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံ(ရန်ကုန်)သို့ ခြောက်ထပ်သံဃာ့ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇) အမှတ်(၂) ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၁

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇) အမှတ်(၂)တွင် "လွှတ်တော်နိုင်ငံရေးနှင့် ဒီမိုကရေစီနိုင်ငံတော်" မျက်နှာဖုံးသုံးသပ်ဆောင်းပါး ပြည်တွင်းသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ကိုရီးယား F4 မင်းသားနှင့် နှင်းပွင့်ဧကရီ မင်းသမီး မြန်မာနိုင်ငံလာမည်၊ အေးစက်ခဲ့သော အိမ်ရာအရောင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ၂၀၁၁တွင် လှုပ်လှုပ်ရှားရှား၊ ဖုန်းရင်းဂ်တုန်းများတွင် တရားတော်များ၏ အသံနေအသံထားအတိုင်း ခေတ်ပေါ်စာသားများ ထည့်သွင်း အသုံးပြုသူများကို အရေးယူတော့မည်၊ ယာဉ်မောင်းသူများ တာယာအသုံးပြုမှုအသိပညာ နည်းပါးနေခြင်းကြောင့် ယာဉ်မတော်တဆတိမ်းမှောက်မှုများ ရှိနေခြင်းဖြစ်ဟုဆို၊ ဈေးသစ် ဈေးအိမ်သာအတွင်း လူတစ်ဦးအသတ်ခံရ၊ အရှေ့လေပွေလှိုင်းများကြောင့် အအေးပေါ့မှုများနှင့် မိုးရွာသွန်းမှုများ မြန်မာနိုင်ငံ ဒေသအချို့ ခံစားခဲ့ရ၊ ၂၀၁၁ တွင် ပေါ်ပေါက်လာမည့် မြန်မာ့စီးပွားရေးမြင်ကွင်းသစ်၊ ဘုရင့်နောင်ကုန်စည်ဈေးကွက်နှင့် မန္တလေးကုန်စည်ဈေးကွက်သတင်းများ၊ ပြောရေးဆိုခွင့် ရပ်ကွက်မှ "လူငယ်နှင့်ဂီတ၊ သင်္ကြန်ဆိုတာ နှစ်ဟောင်းကနေ နှစ်သစ်ကူးတဲ့ မင်္ဂလာအချိန်လေးပေါ့" အိချောပိုနှင့် လိုတိုဗျူးစသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

မင်းသားကြီးအာနိုး ပြည်နယ်အုပ်ချုပ်ရေးမှူး ရာထူးမှ ဆင်းပေးပြီ၊ ပြင်သစ်သမ္မတကတော် ကာလာဘရူနီကိုနိုင်ငံ၏ စိတ်အနှောင့်အယှက်အဖြစ်ဆုံး ထင်ရှားကျော်ကြားသူအဖြစ် ဆန္ဒပြုခဲ့ကြ၊ ရုရှားသူလျှိုမယ်က လျှို့ဝှက်ချက်များကို ဖော်ထုတ်သွားမည်ဟုဆို၊ တရုတ်တိုင်းရင်းဆေးပညာရှင်များ ပါရဂူအမည်ခံကာ ဆေးကုသမှုကို စိစစ်အရေးယူမည်၊ စင်ကာပူတွင် အကြွေးဝယ်ကတ် ဈေးကွက်ပြိုင်ဆိုင်မှု အရှိန်မြင့်လာ၊ ဂျပန်တွင် ကျွမ်းကျင်လုပ်သားရှားပါးနေသော်လည်း နိုင်ငံခြားလုပ်သားများအပေါ် ပိုမိုတင်းကျပ်ထား၊ "ဆယ်ကျော်သက် မိန်းကလေးတစ်ဦး အသတ်ခံရမှု သက်သေအထောက်အထား မခိုင်လုံသဖြင့် စွဲချက်မတင်နိုင်သေး" မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာ ပါရှိသည်။

(သတင်းစဉ်)

မကြာခင်ကာလအတွင်းတွင် လွှတ်တော်အရပ်ရပ် အစည်းအဝေးများကျင်းပပြီး ပြည်ထောင်စုအစိုးရအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဦးစီးအဖွဲ့များ စနစ်တကျပေါ်ထွက်လာတော့မည်

❁ ရွှေဖုံးမှ

ရွှေဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနားသည် ဧရာဝတီမြစ်ကြီးနှင့်အပြိုင် တိုင်းဒေသကြီး(၄)ခုကို ဖြတ်သန်း ဖောက်လုပ်ထားသည့် ပုသိမ်-မုံရွာလမ်းမကြီးကို ကတ္တရာလမ်းအဖြစ် ရာနှုန်းပြည့် အဆင့်မြှင့်တင်ဖောက်လုပ်ပြီး ဖြစ်သည့်အတွက် ကျင်းပသော ဖွင့်ပွဲ အခမ်းအနားပင်ဖြစ်ကြောင်း၊ ယင်းလမ်းမကြီးကို ၁၉၆၉ ခုနှစ်ကတည်းက စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် တစ်ကြောင်းထိုးလမ်း၊ မြေသားလမ်းအဖြစ်သာ ရှိခဲ့ကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးအဖြစ်သို့ ကူးပြောင်းတက်လှမ်းနိုင်အောင် ဘက်စုံကဏ္ဍစုံက နေပြီး ပြောင်းလဲပြုပြင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာတွင် ယင်းလမ်းမကြီးသည် ဖွံ့ဖြိုးတိုးတက်မှုများထဲက သက်သေသာဓကတစ်ခု ဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကို ရေကြော

နှိုင်းယှဉ်လျှင် လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်သည်နှင့်အမျှ လူမှု-စီးပွား အခြေအနေများသည်လည်း ပိုမိုတိုးတက်ဖွံ့ဖြိုးလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အဆင့်တိုးမြှင့်

“ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသဟာ အရှေ့ဘက်ခြမ်းဒေသနဲ့ ရေ၊ မြေ၊ သယံဇာတအခြေအနေ မကွာဟသော်လည်း လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် တိုးတက်မှု နောက်ကျခဲ့ရကြောင်း၊ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းဒေသနှင့် အနောက်ဘက်ခြမ်းဒေသတို့အကြား စီးပွားရေး၊ လူမှုရေးအခြေအနေ ကွာဟချက်များ လျော့နည်းစေရေးအတွက် လမ်းပန်းဆက်သွယ်ရေး အခြေခံကွန်ရက် တိုးတက်ဖွံ့ဖြိုးလာအောင် အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း” နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသကြီး တစ်ခုလုံး အချိန်တိုတိုအတွင်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင် အလေးထား ဆောင်ရွက်ခဲ့ရာ ဧရာဝတီမြစ်ကြီးနှင့်အပြိုင် ကြံခင်း-ပခုက္ကူ-ကလေး ရထား

ကချင်ပြည်နယ်တို့ကို တစ်ဆက်တစ်စပ်တည်း သွားလာနိုင်တော့မည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း ဤလမ်းမကြီးကို ဗဟိုပြုပြီး ပြည်ထောင်စုနေရာအနှံ့အပြားကို အလွယ်တကူ ဆက်သွယ် သွားလာနိုင်တော့မည်ဖြစ်သည့်အတွက် ဆက်စပ်လျက်ရှိသော ကူးသန်းရောင်းဝယ်မှု၊ ကုန်စည်စီးဆင်းမှု၊ ကူးလူးဆက်သွယ်မှုများ တိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ လူမှု-စီးပွား အခြေအနေများသည်လည်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း။

အထောက်အကူပြု

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းသည် ကုန်သွယ်စီးပွားရေးအတွက်သာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ကိုပါ အထောက်အကူ ပြုလျက်ရှိပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း အလွယ်တကူ ကူးလူးဆက်သွယ်သွားလာ ဆက်ဆံနိုင်သည့်အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုပါ များစွာ အထောက်အကူ ပြုလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ဝေးလံခေါင်ဖျား နယ်စပ်ဒေသများပါ

အမှာစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြေကြော တစ်ဆက်တစ်စပ်တည်း ဖြစ်အောင် မြို့နယ်ပေါင်း ၁၆ မြို့နယ်ကို ဖြတ်သန်းဖောက်လုပ်ထားသည့် ဤလမ်းမကြီးကို ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းဒေသကြီး တစ်ခုလုံး ထက်-အောက်-စုန်-ဆန် ရာသီမရွေး သွားလာနိုင်ရန်၊ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းနှင့် တန်းတူ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဖောက်လုပ်ပြုပြင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းဒေသများသည် အနောက်ဘက်ခြမ်းဒေသများနှင့်

လမ်းကြီးကို ဖောက်လုပ်ပေးခဲ့သကဲ့သို့ ပုသိမ်-မုံရွာလမ်းမကြီးကိုလည်း ယခုကဲ့သို့ ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ဖွံ့ဖြိုးလာမည်

ဤလမ်းမကြီး ဖွင့်လှစ်ပေးလိုက်သည့်အတွက် ဆက်စပ်လျက်ရှိသော မော်တော်ကားလမ်း ၁၅လမ်းမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့်

အပါအဝင် ပြည်ထောင်စုကြီးတစ်ခုလုံး ဆူကြံ့နိမ့်မြင့်ကွာဟချက်များ လျော့နည်းပပျောက်သွားအောင် ဒေသတစ်ခုနှင့်တစ်ခု တန်းတူရည်တူ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာအောင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု၏ အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

ဖွံ့ဖြိုးတိုးတက်လာအောင် တောင်-မြောက် သွယ်တန်းဖောက်လုပ်ထားသော ဒေါင်လိုက်လမ်းမကြီး ၃၆ လမ်း၊ အရှေ့-အနောက် ဆက်သွယ်ဖောက်လုပ်ထားသော ကန့်လန့်ဖြတ်လမ်းမကြီး ၄၅ လမ်းတို့ကို ပြည်ထောင်စုလမ်းမကြီးများအဖြစ် သတ်မှတ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်ဝင်းနှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့ ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

သဘာဝပထဝီအနေအထားအရ တချို့ဒေသများသည် ရိုးမတောင်တန်းကြီးများ၊ သစ်တောကြီးများ၊ မြစ်ချောင်း အင်းအိုင်များ တားဆီးထားမှုကြောင့် တသီးတခြားရှိခဲ့ရာမှ ယခုဆိုလျှင် နယ်စပ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ အပါအဝင် ပြည်ထောင်စုကြီးတစ်ခုလုံး ကွန်ရက်သဖွယ် ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်ကြောင်း၊ မော်တော်ကားလမ်းကွန်ရက်များသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးကို ချိတ်ဆက်ဆက်သွယ်ထားသော အမျိုးသား မီးရထားလမ်းကွန်ရက် (National Railway Network) ကြီးဖြစ်ပေါ်လာအောင် ဆောင်ရွက်လျက်ရှိသည့်အတွက် ယခုဆိုလျှင် မြန်မာနိုင်ငံမြောက်ဖျားရှိ ပူတာအိုမှ တောင်ဖျားရှိ ကော့သောင်းမြို့အထိ လည်းကောင်း၊ မြန်မာနိုင်ငံအရှေ့ဖျားရှိ မူဆယ်၊ လားရှိုး၊ ကျိုင်းတုံမြို့များမှ အနောက်ဖျားရှိ စစ်တွေအထိလည်းကောင်း အထက်-အောက်-ဝဲ-ယာ တစ်နိုင်ငံလုံးအနှံ့ သွားလာနိုင်ပြီဖြစ်ကြောင်း။

စည်းလုံးညီညွတ်မှုစွမ်းအား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် နိုင်ငံတော်သစ်တည်ဆောက်ရေးတာဝန်ကို ရယူထမ်းဆောင်ခဲ့ရာတွင် အခြေအနေ အရပ်ရပ်အရ ယိုယွင်းနေသည့် နိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအဖြစ်သို့ လျင်လျင်မြန်မြန် ကူးပြောင်းရောက်ရှိလာအောင် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နှစ်ပေါင်း(၂၀)ကျော် ကာလအတွင်းတွင် အတိတ်ကာလမှ ကျန်ရစ်သည့် ကိုလိုနီသမိုင်းအမွေဆိုးများ၊ မျက်မှောက်ကာလ ကိုလိုနီလက်သစ်များနှင့် ပြည်တွင်း ပြည်ပ အဖျက်အမှောင့် အနှောင့်အယှက်များ၊ ရှောင်လွှဲမရသည့် သဘာဝဘေးအန္တရာယ်များနှင့် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဆက်စပ်ကြုံတွေ့လာရသော အခက်အခဲ အတားအဆီးများစသည့် စိန်ခေါ်မှုအမျိုးမျိုးကို နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ရင်ဆိုင်ကျော်လွှားခဲ့ရခြင်းဖြစ်ကြောင်း။

တုံ့ပြန်ရင်ဆိုင်

ကြုံတွေ့လာရသည့် စိန်ခေါ်မှုအမျိုးမျိုးကို တုံ့ပြန်ရင်ဆိုင်ပြီး နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး၏ အကျိုးစီးပွားကို မြှင့်တင်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ဦးတည်ချက် (၁၂)ရပ်ကို ခိုင်ခိုင်မာမာ ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော် တည်ဆောက်ခြင်းသည် စကားလုံးသက်သက်၊ စိတ်ကူးယဉ် အယူအဆသက်သက်ဖြင့် ရနိုင်သည်မျိုး မဟုတ်ဘဲ နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ သမိုင်းကြောင်း အစဉ်အလာ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ စရိုက်လက္ခဏာများနှင့် ပကတိအရှိတရားပေါ်တွင် အခြေခံပြီး ဘက်စုံထောင့်စုံကနေ လက်တွေ့ကျကျ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

❖ စာမျက်နှာ ၇ မှ
တည်ဆောက် အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း၊ အလားတူ တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်း၊ ဒေသတစ်ခုတည်း၏ အကျိုးစီးပွားကိုသာ ကွက်ကွက်ကလေးကြည့်ပြီး ဦးတည်ဆောင်ရွက်ရတာမျိုး မဟုတ်ဘဲ ပြည်ထောင်စုကြီးတစ်ခုလုံး ကွက်လပ်မကျန် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာအောင် ရေတို၊ ရေရှည်စီမံကိန်းများကို ချမှတ်ပြီး အရှိန်အဟုန်ဖြင့် တည်ဆောက်ရခြင်းဖြစ်ကြောင်း။

လမ်းကြောင်းမှန်

နှစ်ပေါင်း(၂၀)ကျော်ကာလအတွင်း မှန်ကန်သည့် မူဝါဒ၊ တိကျခိုင်မာသည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ နိုင်ငံတော်၏ အခြေအနေသည် ခေတ်သစ်၊ စနစ်သစ်တစ်ခုကို ကူးပြောင်းနိုင်မည့် လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း၊ ခေတ်သစ်၊ စနစ်သစ်ကို ညင်သာချောမွေ့စွာ ကူးပြောင်းနိုင်ရန်အတွက်လည်း လိုအပ်သည့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စိတ်ပိုင်းဆိုင်ရာ အခြေခံကောင်းတွေကို ဖွံ့ဖြိုး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးကို ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ရေးဒေသကြီး ၂၄ ခုကို ဗဟိုပြုပြီး ပြည်ထောင်စုအနှံ့ တည်ဆောက်ထားနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

လက်ရှိအနေအထားတွင် ရရှိထားပြီးဖြစ်သည့် အခြေအနေကောင်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရင်း တစ်ချိန်တည်းမှာပင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံတော်ကြီးဆီသို့ တစ်ဆင့်မြင့်တက်လှမ်းနိုင်အောင် ဆက်လက်ဒွန်တွဲဖြစ်ပေါ်လျက်ရှိသည့် အခြေခံအကြောင်းတရားများဖြစ်သည့်အတွက် ရုပ်ရှာဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတော်၏ အနာဂတ်လမ်းခရီးအတွက် အရေးကြီးလှသည့် ယခုကဲ့သို့ အသွင်ကူးပြောင်းစ အချိန်အခါမျိုးတွင် ပိုမို၍ခိုင်မာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကြိုးစားလုပ်ကိုင်

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ မျှော်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေးရည်မှန်းချက်ပန်းတိုင်ကို အချိန်တိုတိုအတွင်း အရောက်လှမ်းနိုင်အောင် တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က အချိန်၊ ဘဏ္ဍာငွေတို့ဖြင့် ရင်းနှီးတည်ဆောက်ထားသည့် အခြေခံကောင်းများကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးချပြီး အလုပ်ကို ကြိုးစားလုပ်ကိုင်ကြရန် ပြောကြားလိုကြောင်း။

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွဋ် ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မကြာခင်ကာလအတွင်းတွင် လွှတ်တော်အရပ်ရပ် အစည်းအဝေးများကျင်းပပြီး ပြည်ထောင်စုအစိုးရအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့များ စနစ်တကျ ပေါ်ထွက်လာတော့မှာ ဖြစ်ကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် မဏ္ဍိုင်ကြီး(၃)ရပ်၏ အပြန်အလှန်ထိန်းကျောင်းမှု ယန္တရားစနစ်သစ်တစ်ရပ် ဖြစ်ပေါ်လာတော့မည်ဖြစ်ကြောင်း၊ အေးချမ်းတည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့သည် ဒီမိုကရေစီနှင့်

ဝိုင်းဝန်းကြိုးပမ်း

နိဂုံးချုပ်အားဖြင့် ယနေ့ဖွင့်လှစ်လိုက်သည့် ပုသိမ်-မုံရွာလမ်းမကြီးအပါအဝင် အခြေခံကောင်း၊ အုတ်မြစ်ကောင်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါ။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာအောင် ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့ကျရာကဏ္ဍအသီးသီးကနေ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တင်မောင်ဝင်းက အမှာစကားပြောကြားရာ၌ တပ်မတော်အစိုးရလက်ထက် မတိုင်မီ ၁၉၈၈ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကတ္တရာလမ်း ၁၉၃ မိုင်၊ ကျောက်လမ်း ၅၇ မိုင်၊ အမာခံလမ်း ၈၁ မိုင်၊ မြေသားလမ်း ၁၃၁ မိုင် အပါအဝင် စုစုပေါင်းလမ်းအရှည် ၄၆၂ မိုင်ရှိခဲ့ရာမှ ယခုအခါ ကတ္တရာလမ်း ၅၉၁ မိုင်၊ ကျောက်လမ်း ၂၀၁ မိုင်၊ အမာခံလမ်း ၃၆၃ မိုင်၊ မြေသားလမ်း ၃၁၃ မိုင် အပါအဝင် လမ်းအရှည် ၁၄၆၈ မိုင်အထိ တိုးမြှင့်ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ အလားတူ ပေ ၁၈၀ အထက် တံတား ၅၂ စင်းကို တည်ဆောက်ပေးနိုင်ခဲ့ပြီး ထပ်မံ၍ ဧရာဝတီတံတား(ညောင်တုန်း)ကိုလည်း မကြာမီပြီးစီးစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

သို့ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ အလွယ်တကူ ကူးလူးဆက်သွယ်နိုင်သည့်အပြင် ဒေသထွက်ကုန်ပစ္စည်းများကိုပါ လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ကြတော့မည်ဖြစ်၍ ဧရာဝတီတိုင်းဒေသကြီးသည် ယခင်ကာလများထက် ပိုမိုဖွံ့ဖြိုး အောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း။

ကျေးဇူးတင်ရှိ

ယခုလမ်းမကြီး အောင်မြင်စွာ တည်ဆောက်ပေးခဲ့ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများ၊ တာဝန်ရှိသူများအား ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ဤလမ်းမကြီး ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး တည်ဆောက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ၌ ယခင်က ပုသိမ်-မုံရွာလမ်း ဖောက်လုပ်ရေးစီမံကိန်းကို ၁၉၆၉ ခုနှစ်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၄-၂၀၀၅ ခုနှစ်အထိ အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး စုစုပေါင်း ကတ္တရာလမ်း ၂၀၆ မိုင် လေးဖာလုံ၊ ကျောက်လမ်း ၂၃ မိုင် နှစ်ဖာလုံ၊ အမာခံလမ်း ၁၄၅ မိုင် တစ်ဖာလုံ၊ မြေသားလမ်း ၇၅ မိုင် ခြောက်ဖာလုံရှိခဲ့သော်လည်း လမ်းကျဉ်းမြောင်းပြီး လမ်းသားပျက်စီးမှုများရှိနေခဲ့၍ တစ်ဆက်တစ်စပ်တည်း သွား၍ မရပါကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ပုသိမ်-မုံရွာလမ်းမကြီးကို ၂၀၁၀ ခုနှစ် ဧပြီ ၁၁ ရက်တွင် လုပ်ငန်း စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် ဖွင့်လှစ်ပေးနိုင်သည့်အတွက် လမ်းအရှည်မိုင် ၄၅၀ ငါးဖာလုံကို တည်ဆောက်ရေးကာလ ကိုးလနှင့်အပြီး ဆောင်ရွက်ခဲ့ကြောင်း။

သုံးပိုင်းခွဲခြား

ပုသိမ်-မုံရွာလမ်းကြီးကို တည်ဆောက်ရေးအပိုင်း သုံးပိုင်းခွဲခြား၍ ၂၀၁၀ ခုနှစ် မေလမှ စတင်ကာ ခရိုင်

ရုပ်ရှာဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရား
နိုင်ငံတော်၏ အနာဂတ်လမ်းခရီးအတွက် အရေး

ဆောက်လုပ်ရေးအဖွဲ့ ၁၁ ဖွဲ့၊ ဆောက်လုပ်ရေးအထူးအဖွဲ့ ၂၀၊ ကုမ္ပဏီအဖွဲ့ ၁၉ဖွဲ့၊ လမ်းအရှည်အသွေး ထိန်းသိမ်းရေးအဖွဲ့တို့ဖြင့် ဖောက်လုပ်ခဲ့ခြင်း

ဧရာဝတီတိုင်းဒေသကြီး အေးချမ်း... ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် ... အမှာစကားပြောကြားစဉ်။

ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဖွင့်လှစ်ခဲ့သောလမ်းများအနက် အရှည်ဆုံးလမ်းအဖြစ် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်၍ ဤလမ်းမကြီးအား စံချိန်စံညွှန်းမီမီ ရေရှည်တည်တံ့အောင် အကျိုးရှိရှိ သုံးစွဲသွားကြရန် ပြောကြားသည်။

ထို့နောက် ကျောင်းကုန်းမြို့နယ် ကံကလေးကျေးရွာအုပ်စုမှ ဦးစိုးနိုင်က ဒေသခံပြည်သူများကိုယ်စား ကတ္တရာလမ်းမကြီး တည်ဆောက်ပေးမှုနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာမုခ်ဦးရှေ့တွင် နေရာယူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့က ပုသိမ်-မုံရွာ

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးထွန်းသာတို့ ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိ... ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၂-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

[၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း (၈)ရက်၊ ဥပုသ်နေ့]

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၀	၇။	အတီးပြိုင်ပွဲ
၈း၂၅	၈။	"ချစ်တတ်ကြရအောင်"
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၃၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀	၆။	သီချင်းကြိုးပဒေသာ
၅း၀၀	၇။	တေးဂီတအစီအစဉ်
၅း၁၀	၈။	"၂၀၁၀ ကမ္ဘာ့အားကစားပုံရိပ်များ"
၅း၂၀	၉။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၃၅	၁၀။	ဆိုကြပျော်ရွှင်တေးသံစဉ်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၄၅	၁၄။	ရွှေရင်ခုန်သံ
၇း၁၅	၁၅။	ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၇း၄၅	၁၆။	အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၈း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	"ပျော်ရွှင်ရင်ခုန်ပြကွက်စုံ" (အပိုင်း-၈)
	၂၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၂၆)**
	၂၂။	**မြန်မာဗီဒီယိုဇာတ်လမ်း "မပြောင်းမလဲရင်ထဲမှာ" (ထွန်းထွန်း၊ မင်းဟိဏ်း၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**
	၂၃။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
	၂၄။	အစီအစဉ်ပြီး၏။

...ည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့ကို ...နာဂတ်လမ်းခရီးအတွက် အရေးကြီးလှသည့် ယခုကဲ့သို့ အသွင်ကူးပြောင်းစ အချိန်အခါမျိုးတွင် ပိုမို၍ ခိုင်မာအောင်ဆောင်ရွက်

ဆောက်လုပ်ရေးအဖွဲ့ ၁၁ ဖွဲ့၊ ဆောက်လုပ်ရေးအထူးအဖွဲ့ ၂၀၊ ကုမ္ပဏီအဖွဲ့ ၁၉ဖွဲ့၊ လမ်းအရည်အသွေး ထိန်းသိမ်းရေးအဖွဲ့တို့ဖြင့် ဖောက်လုပ်ခဲ့ခြင်း

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဖွင့်လှစ်ခဲ့သောလမ်းများအနက် အရှည်ဆုံးလမ်းအဖြစ် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်၍ ဤလမ်းမကြီးအား စံချိန်စံညွှန်းမီမီ ရေရှည်တည်တံ့အောင် အကျိုးရှိရှိ သုံးစွဲသွားကြရန် ပြောကြားသည်။

ထို့နောက် ကျောင်းကုန်းမြို့နယ် ကံကလေးကျေးရွာအုပ်စုမှ ဦးစိုးနိုင်က ဒေသခံပြည်သူများကိုယ်စား ကတ္တရာလမ်းမကြီး တည်ဆောက်ပေးမှုနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာမုခ်ဦးရှေ့တွင် နေရာယူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့က ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လမ်းဆောက်လုပ်ရေးအင်ဂျင်နီယာများ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူးနှင့် ဝန်ကြီးများက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လမ်းမကြီးကို ဖြတ်သန်းကြည့်ရှုကြသည်။

ထို့အတူ ပုသိမ်-မုံရွာလမ်း ကတ္တရာလမ်းမကြီး ဖွင့်ပွဲအခမ်းအနားကို နံနက်ပိုင်းတွင် ပြည်ခရိုင် ဥဿျှစ်ပင်လမ်းဆုံမင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးထွဋ်က အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး တည်ဆောက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် စိန်မြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးထွန်းသာတို့က ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖြတ်သန်းကြည့်ရှု

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးထွဋ်က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူ ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးကို ဖြတ်သန်းကြည့်ရှုကြသည်။

အလားတူ ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး ဖွင့်ပွဲအခမ်းအနားကို နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပဒါန်းလမ်းဆုံ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်က အမှာစကားပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးအရာရှိ သူရဦးစိန်သောင်းက ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး တည်ဆောက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်

ထို့နောက် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးအရာရှိ သူရဦးစိန်သောင်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(စီမံကိန်း) ဦးကျော်လှိုင်တို့က ကတ္တရာလမ်းမကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်က ဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဧည့်သည်တော်များနှင့်အတူ ပုသိမ်-မုံရွာကတ္တရာလမ်းမကြီးကို ဖြတ်သန်းကြည့်ရှုကြသည်။

ထို့ပြင် ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး ဖွင့်ပွဲအခမ်းအနားကို နံနက်ပိုင်းတွင် အဆိုပါလမ်း မိုင်တိုင်အမှတ် (၄၅၀/၅)ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလွင်က အမှာစကားပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေက ကတ္တရာလမ်းမကြီး တည်ဆောက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် တာဝန်ရှိသူများက ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလွင်က ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြကာ ကတ္တရာလမ်းပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အဆင့်မြှင့်တင်

ပုသိမ်-မုံရွာလမ်းမကြီးမှာ လမ်းအရှည် မိုင် ၄၅၀ ငါးဖာလုံရှိသည်။ လမ်းမကြီးကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ရာတွင် မိုင်တိုင်အမှတ် (၀/၀)မှ မိုင်တိုင်အမှတ် (၁၇၉/၆) အထိကို အပိုင်း (၁)၊ မိုင်တိုင်အမှတ် (၁၇၉/၆) မှ မိုင်တိုင်အမှတ် (၃၆၃/၀) အထိကို အပိုင်း(၂)နှင့် မိုင်တိုင်အမှတ် (၃၆၃/၀)မှ မိုင်တိုင်အမှတ် (၄၅၀/၅) အထိကို အပိုင်း (၃) ဟူ၍ အပိုင်း သုံးပိုင်းခွဲကာ ကိုးလအတွင်း အပြီးတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ လမ်းမကြီး၏ ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ တန် ၄၀ ဖြစ်သည်။

လွယ်ကူလျင်မြန်

လမ်းမကြီး တည်ဆောက်ဖွင့်လှစ်နိုင်မှုကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ် အနောက်ဘက်ခြမ်း ဒေသများ၏ သွားလာဆက်သွယ်မှုကို လွယ်ကူ လျင်မြန်လာစေတော့မည် ဖြစ်သည်။

(သတင်းစဉ်)

ပုသိမ်-မုံရွာလမ်းမကြီးမှာ လမ်းအရှည် မိုင် ၄၅၀ ငါးဖာလုံရှိ။ လမ်းမကြီးကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ရာတွင် မိုင်တိုင်အမှတ် (၀/၀)မှ မိုင်တိုင်အမှတ် (၁၇၉/၆) အထိကို အပိုင်း(၁)၊ မိုင်တိုင် အမှတ် (၁၇၉/၆) မှ မိုင်တိုင်အမှတ် (၃၆၃/၀) အထိကို အပိုင်း(၂)နှင့် မိုင်တိုင်အမှတ် (၃၆၃/၀)မှ မိုင်တိုင်အမှတ် (၄၅၀/၅) အထိကို အပိုင်း(၃) ဟူ၍ အပိုင်း သုံးပိုင်းခွဲကာ ကိုးလအတွင်း အပြီးတည်ဆောက်ခဲ့ခြင်းဖြစ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ၂၀၁၀ ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၌ ဆက်လက်ကျင်းပသည်။

သုတေသနကဏ္ဍများအလိုက် နံနက်ပိုင်းတွင် ဆေးတက္ကသိုလ်(၂) ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး(သုတေသန) ဒေါက်တာသော်ဇင်နှင့် ကျန်းမာရေးစီမံကိန်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖုန်းမြင့်တို့က လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူး(သုတေသန) ဒေါက်တာခင်လင်း၊ တပ်မတော်ဆေးတက္ကသိုလ် ဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဗိုလ်မှူးကြီး ဒေါက်တာရင်ရင်ထွန်း၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်မင်းနှင့် ဆေးတက္ကသိုလ်(၁) ရန်ကုန် သားဖွားနှင့် မီးယပ်ပညာဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာဝင်းဝင်းမြတို့ကလည်းကောင်း သဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး စာတမ်းရှင်များက စာတမ်းပေါင်း ၂၄ စောင်ကို တင်သွင်းဖတ်ကြားကြသည်။

ထို့အပြင် ဆေးသိပ္ပံဖွံ့ဖြိုးမှုဆိုင်ရာ နှီးနှောဖလှယ်ပွဲများအဖြစ် ဂျပန်နိုင်ငံ၏ ခေတ်မီတိုးတက်နေသော ဆေးပညာနှင့် ခွဲစိတ်မှုဆေးပညာနှင့်အတူ မြန်မာနိုင်ငံ၏ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု ဘာသာရပ်စုစုပေါင်း သုံးခုကို ပြည်တွင်းပြည်ပမှ ဆေးပညာရှင်များက ဟောပြောဆွေးနွေးကြ၍ သုတေသီပညာရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ညီလာခံရက်အတွင်း ဆေးနှင့် ဆေးပစ္စည်းရောင်းဝယ်ရေး၊ ဓာတ်ခွဲခန်းသုံး ကိရိယာများနှင့် ဓာတုပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီများ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများ၏ ပြခန်းများ၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)က ထုတ်ဝေဖြန့်ချိခဲ့သော သုတေသနဆိုင်ရာ စာအုပ်စာတမ်းများနှင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တွင် သုတေသနပြုဆောင်ရွက်နေသည့် မျိုးပွားဗေဒဆိုင်ရာ တယ်လီဖုန်း အမေးအဖြေဆွေးနွေးမှု ပြခန်းများကို ဖွင့်လှစ်ပြသလျက်ရှိပြီး ညီလာခံကို ဇန်နဝါရီ ၁၄ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပလငါးတန် ပွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

မြောက်ဥက္ကလာ အထက(၁) အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်မြို့ မြောက်ဥက္ကလာမြို့နယ် အထက(၁) ကျောင်းသားဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၉ ရက်က အဆိုပါကျောင်း မြတ်ခရေခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်စိုးတင့်(ငြိမ်း)နှင့် ဆရာတပည့်များက ဖွင့်လှစ်ပေးပြီး ဦးချိုအေး(ACA) ဦးဆောင်၍ ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြသည်။ **(ယာပုံ)**

ထို့နောက် ထာဝရငွေပဒေသာပင်အတွက် လှူဒါန်းငွေများကို အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်က လက်ခံရယူကြောင်း သိရသည်။

(ကြေးမုံ)

၂၀၁၀ MNL ပြိုင်ပွဲများအတွက် ဆုများချီးမြှင့် အကောင်းဆုံးဘောလုံးသမားဆု အောင်ကျော်မိုးရရှိ

ရန်ကုန် ဇန်နဝါရီ ၁၁

၂၀၁၀ MNL ပြိုင်ပွဲများတွင် ဆုရအသင်းများနှင့် အကောင်းဆုံးဘောလုံးသမား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ည ၇ နာရီက ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်းက Title Sponsor ဖြစ်သည့် Grand Royal ကိုလည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးတေဇက Co-Sponsor ကုမ္ပဏီများကို လည်းကောင်း အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က မသန်စွမ်းသူများ ဘောလုံးအသင်းအတွက် ကျပ်သိန်း ၂၀ နှင့် ဘောလုံး အလုံး ၃၀ ပေးအပ်လှူဒါန်းသည်။

ဂုင်းနောက် ဥက္ကဋ္ဌ ဦးဇော်ဇော်က ဖလားသုံးလုံးရရှိအောင် စွမ်းဆောင်ထားသည့် ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းအား ဆုဖလားချီးမြှင့်သည်။ ဆက်လက်၍ ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက MNL အရန်အသင်းများ အမှတ်ပေးပြိုင်ပွဲတွင် တတိယဆုရ Southern Myanmar အသင်း၊ ဒုတိယဆုရ ဉဿာယူနိုက်တက်အသင်းနှင့် ပထမဆုရ ရန်ကုန်ယူနိုက်တက်အသင်းတို့အား ဆုဖလားများကို လည်းကောင်း၊ ဧရာဝတီယူနိုက်တက် F.C ဥက္ကဋ္ဌ ဦးရန်ဝင်းက အရန်အသင်းပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံးဆုရ ကောင်းစည်သူ(ရန်ကုန်)နှင့် မျိုးဇော်ဦး(မကွေး)တို့အား ဆုတံဆိပ်နှင့် ကျပ်ငါးသိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း ၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမဆုရ ရတနာပုံအသင်းအား ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

ယင်းနောက် နေပြည်တော် F.C ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းက MNL အမှတ်ပေးပြိုင်ပွဲတွင် တတိယဆုရ ရန်ကုန်ယူနိုက်တက်အသင်းအား ဆုဖလားနှင့်ကျပ်သိန်း ၂၀၀၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးတေဇက ဒုတိယဆုရ ဇေယျာရွှေမြေအသင်းအား ဆုဖလားနှင့် ကျပ်သိန်း ၃၀၀၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်းက ပထမဆုရ ရတနာပုံအသင်းအား ကျပ်သိန်း ၅၀၀ကို ပေးအပ်ချီးမြှင့်ကြသည်။ ဇေယျာရွှေမြေ F.C ဥက္ကဋ္ဌ ဦးသူရိန်က အသန့်ရှင်းဆုံးအသင်းဆုရ မနောမြေF.C ကို လည်းကောင်း၊ I.B.T.C Co., Ltd. မှ Executive Director ဦးတင့်ဦးက အကောင်းဆုံးလူငယ်ဘောလုံးသမားဆုရ ဒေးဗစ်ဒန်း(ရန်ကုန်ယူနိုက်တက်)ကို လည်းကောင်း၊ ဧရာဝတီယူနိုက်တက်F.C နာယက ဦးစိုးဟန်လင်းက အကောင်းဆုံးဒိုင်လူကြီးဆုရ ဦးလှမင်း၊ အကောင်းဆုံး အကူဒိုင်လူကြီးဆုရ ဦးဟန်သိန်း၊ အတိုးတက်ဆုံး ဒိုင်လူကြီးဆုရ ဦးကျော်ကျော်မင်းတို့အား ဆုများချီးမြှင့်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးတေဇက ဂိုးသွင်းအများဆုံးဆုရ လစ်ပီလစ်ပီ (ဉဿာယူနိုက်တက်)အား ဆုတံဆိပ်နှင့် ကျပ်သိန်း၂၀၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က တစ်နှစ်တာအကောင်းဆုံးဘောလုံးသမား တတိယဆုရ ရာဇာဝင်းသိန်း(ရန်ကုန်)၊ ဒုတိယဆုရ ဆင်မြူရယ် ဟန်ဆန် (ရန်ကုန်)နှင့် ပထမဆုရ အောင်ကျော်မိုး (ရတနာပုံ)တို့အား ဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်ကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက အာရှဘောလုံးအဖွဲ့ချုပ်မှ Gold Awards ချီးမြှင့်ခံရသည့် ဦးတင်အောင်၊ ဦးတင်အောင်(ဂိုး)၊ ဦးရဲထွဋ်တင်၊ Silver Awards ချီးမြှင့်ခံရသည့် ဦးထွန်းလှအောင်၊ အမျိုးသမီး အကောင်းဆုံး ဘောလုံးသမားဆုရ စန်းစန်းမော်နှင့် အာဆီယံတက္ကသိုလ်ပြိုင်ပွဲတွင် ကြေးတံဆိပ်ရ မြန်မာတက္ကသိုလ်ဘောလုံးအသင်းတို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

(ကြေးမုံ)

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက ဦးတေဇ ဂိုးသွင်းအများဆုံးဆုရ လစ်ပီလစ်ပီ (ဉဿာယူနိုက်တက်)အား ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ ညအပူချိန် အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၂) ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်နှင့် နေပြည်တော်(ရေဆင်း)တို့တွင် ၁ ဒသမ ၂၆ လက်မစီ၊ သံတွဲမြို့တွင် ၂ ဒသမ ၈၃ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၂ ဒသမ ၇၅ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင် ၁ ဒသမ ၈၅ လက်မ၊ တောင်ကုတ်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၁ ဒသမ ၂၂ လက်မ၊ ပြည်မြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် အောင်လံမြို့တွင် သုည ဒသမ ၈၆ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၁၂ ရက် ညနေထိခန့်မှန်းချက် ။ ။ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားနှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

◆ **ကျောဖုံးမှ**

အမျိုးသားနည်းပြဆုကို ရီးယဲလ်နည်းပြ မော်ရင်ဟို၊ အမျိုးသမီး နည်းပြဆုကို ဂျာမနီအသင်းနည်းပြ ဆဲလ်ဗီရာနိဒ်၊ အကောင်းဆုံး ဂိုးသွင်းယူမှုဆုကို တူရကီမှ ဟာမစ်အယ်လ်တင်တော့၊ အသန့်ရှင်းဆုံးဆုကို ဟေတီ ယူ-၁၇ အသင်းနှင့် အထူးဆုအဖြစ် ဒက်စ်မွန်တူးတူးတို့က အသီးသီး ရရှိသွားကြသည်။

အကောင်းဆုံးအသင်း

၂၀၁၀ ခုနှစ်အတွက် FIFA FIFPro World XI တွင် ကာဆီးလက်စ် (ရီးယဲလ်)၊ မိုင်ကွန်(အင်တာ)၊ ပူယိုး (ဘာစီလိုနာ)၊ လူစီယို(အင်တာ)၊ ပီကေး (ဘာစီလိုနာ)၊ ရှနိုက်ဒါ (အင်တာ)၊ ဇာဗီ (ဘာစီလိုနာ)၊ အင်နီယေစတာ (ဘာစီလိုနာ)၊ စီရော်နယ်လ်ဒို (ရီးယဲလ်)၊ မက်ဆီ(ဘာစီလိုနာ)နှင့် ဒေးဗစ်ဗီလာ (ဘာစီလိုနာ)တို့ ပါဝင်အရွေးခံရသည်။

အင်တာနက်။

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁၁

ဦးစိုးမြင့် (မြန်မာ့သစ်လုပ်ငန်း)သည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးဇော်နောင်(ငြိမ်း) (စွမ်းအင်)၊ ဦးမောင်မောင်သိန်း (စွမ်းအင်)၊ ဦးစိုးမြင့် (စွမ်းအင်)တို့နှင့်အတူ ဇန်နဝါရီ ၉ ရက်တွင် မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်း၌ ဂေါက်ရိုက်ကစားစဉ် ကိုက် ၁၅၀ ကွာဝေးသော ကျင်းအမှတ် (၁၁)၌ Srixon No(1) ဂေါက်သီးအား Mizuno Iron No(8) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသည်။

ဦးစိုးမြင့် (မြန်မာ့သစ်လုပ်ငန်း)အား လပ်ကီးသောက်ရေသန့်လုပ်ငန်းက ဆုငွေကျပ် တစ်သိန်းနှင့် Trophy တစ်ခု၊ View Sonic Computer က ငွေကျပ်တစ်သိန်းတန် ကူပွန်နှင့် စိန်စမ္ပယ်ဖူး စိန်တိုက်က ဆုငွေကျပ်တစ်သိန်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတကာ အားကစားသတင်းများ နိုင်ငံတကာ အားကစားသတင်းများ

ဒေးဗစ်ဘက်ခမ်း စပါးအသင်း၌ ဆေးစစ်

လန်ဒန် ဇန်နဝါရီ ၁၁

ကမ်းလှမ်းထားသော အငှားစာချုပ်နှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်နေစဉ် ဒေးဗစ်ဘက်ခမ်းသည် တနင်္လာနေ့က ဆေးစစ်မှုခံယူရန် စပါးအသင်း၏ ချစ်ဒ်ဝဲလ် လေ့ကျင့်ရေးကွင်းသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်းသည် ၎င်း၏ မိခင်ကလပ် အယ်လ်အေဂလက်ဆီအသင်းထံမှ စပါးအသင်းတွင် ၎င်း၏ကြံ့ခိုင်မှုအတွက် ဆေးစစ်မှုခံယူရန် ခွင့်ပြုချက်ရပြီးနောက် ယခုအပတ်ထဲတွင် အင်္ဂလန်သို့ ရောက်လာမည်ဟု စပါးနည်းပြ ဟယ်ရီရက်ဒ်နက်က ပြီးခဲ့သည့် ရက်အနည်းငယ်က ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်သည်။

ပြီးခဲ့သည့် တနင်္ဂနွေနေ့က စပါးနည်းပြက ဆွေးနွေးမှုကို အဆုံးသတ်လိုသည်ဟု ဆိုသော်လည်း ပြေလည်အောင်ညှိနှိုင်းစရာများက ကျန်ရှိနေသေးသည်ဟု လေသံပြောင်းလဲ ထုတ်ဖော်ပြောခဲ့သည်။

ဘက်ခမ်းသည် စပါးအသင်းတွင် ဖေဖော်ဝါရီ ၁၀ ရက်နေ့အထိ ရှိနေရန် ရည်ရွယ်ထားပြီး ၎င်းအနေဖြင့် အမေရိကန်သို့ ၂၀၁၁ မေဂျာလိဂ်ပွဲစဉ်များ မစတင်မီ ပြန်ရောက်ရန် မျှော်လင့်ထားသည်။

သို့သော် မတ်လ ၁၅ ရက်နေ့ထိ ရာသီသစ်စတင်ရန် မသတ်မှတ်ရသေးသဖြင့် စပါးအသင်းသည် ဘက်ခမ်း၏ အတွေ့အကြုံကြွယ်ဝမှု၊ သံသယဖြစ်ဖွယ် မရှိသေးသည့် စွမ်းဆောင်ရည်အား အခွင့်ကောင်းတစ်ရပ် အနေဖြင့် အသင်း၏ လိဂ်ဖလားလမ်းကြောင်းနှင့် ချန်ပီယံလိဂ်ရှုံးထွက်ပွဲစဉ်များကို ချောချောမောမောကျော်ဖြတ်နိုင်ရန် နှစ်လအငှားစာချုပ် သဘောတူညီမှုရရှိရန် မျှော်လင့်လျက်ရှိသည်။

အင်တာနက်။

ဆေးစစ်မှုခံယူရန် စပါးအသင်းသို့ ရောက်ရှိလာသည့် အင်္ဂလန် လက်ရွေးစင်ဟောင်း ဘက်ခမ်း။



စိုးတင့်နိုင်

အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်များမဲခွဲ

လန်ဒန် ဇန်နဝါရီ ၁၁

အက်ဖ်အေဖလား စတုတ္ထအဆင့် ပွဲစဉ်များကို ယမန်နေ့က မဲခွဲဆုံးဖြတ်ခဲ့ရာ လက်ရှိချန်ပီယံ ချယ်လ်ဆီးမှာ အဝေးကွင်းတွင် အဲဗာတန်နှင့် ရင်ဆိုင်တွေ့ရမည်ဖြစ်သည်။

အခြားပရီမီယာလိဂ်အသင်းများတွင် ဘော်လ်တန်နှင့် ဝီဂန်၊ အာဆင်နယ်/ လိဒ်နှင့် ဟက်ဒါးစ်ဖီးလ်၊ ဖူလ်ဟမ်နှင့် စပါး၊ ဆောက်သမ်ပ်တန်နှင့် မန်ယူ၊ ဘာမင်ဂမ်နှင့် ကိုဗင်ထရီ၊ ဒွန်ကက်စတာ/ဝုလ်ဗာဟမ်တန်နှင့် စတုတ်စီးတီး/ကာဒက်ဖ်၊ နော့စ်ကောင်တီနှင့် လစ္စတာစီးတီး/မန်စီးတီး၊ ဗီလာနှင့် ဘလက်ဘန်း၊ ဝက်စ်ဟမ်းနှင့် နော့တင်ဟမ်ဖောရစ်တို့ ဆုံတွေ့ကြမည်ဖြစ်သည်။

အင်တာနက်။

အင်္ဂလိပ်အသင်းများ၏ ကမ်းလှမ်းမှုကို လက်ခံရန် မာရာဒိုနာ အသင့်ဖြစ်နေ

လန်ဒန် ဇန်နဝါရီ ၁၁

ဒီယေဂို မာရာဒိုနာက ရှေ့လထဲတွင် အင်္ဂလန်သို့ သွားရောက်ပြီး ကလပ်အသင်းတစ်သင်းနှင့် တွေ့ဆုံဆွေးနွေးရန်ရှိသည်ဟု ပြောကြားလိုက်ကြောင်း သတင်းတစ်ရပ်က ဆိုသည်။

ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်း ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် နိုင်ငံအသင်းနှင့် လမ်းခွဲခဲ့သည့် အာဂျင်တီးနား ဂန္ထဝင်ကစားသမားကြီးသည် လက်ရှိတွင် အသင်းလက်မဲ့ဖြစ်နေသည်။

မာရာဒိုနာက ပရီမီယာလိဂ်တွင် နည်းပြခွင့်ရလိုကြောင်း ယခင်ကတည်းက ထုတ်ဖော်ပြောကြားခဲ့ဖူးသည်။

"လာမယ့် ဖေဖော်ဝါရီလမှာ ကျွန်တော်နဲ့ ဆွေးနွေးချင်တဲ့ ပရီမီယာလိဂ်က အသင်းတစ်သင်းရဲ့ အလုပ်သဘော အကြံပြုချက်ကို နားထောင်ဖို့ အင်္ဂလန်ကို သွားဖြစ်လိမ့်မယ်"ဟု မာရာဒိုနာ**(ဝဲပုံ)**က ပြောကြားခဲ့သည်။

"တစ်နေ့နေ့မှာ တစ်သင်းသင်းကို နည်းပြခွင့်ကြုံရမယ်ဆိုတာ သိထားလို့ ကျွန်တော်စိတ်မပျက်ပါဘူး"ဟု သူက ဆိုသည်။

အာဂျင်တီးနားတွင် ထွက်ပေါ်နေသော သတင်းများအရ အဆိုပါ အမည်မဖော်လိုသည့် အင်္ဂလိပ်အသင်းတစ်သင်းတွင် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက မာရာဒိုနာ သွားရောက်လည်ပတ်ခဲ့သည့် ဖူလ်ဟမ်အသင်း ဖြစ်ဖွယ်ရှိသည်ဟု ဆိုသည်။

အင်တာနက်။

စတိဗ်ကလပ်ကို အရန်အသင်းနည်းပြအဖြစ် လီဗာပူးခန့်အပ်

လီဗာပူး ဇန်နဝါရီ ၁၁

လီဗာပူးအသင်းသည် စတိဗ်ကလပ်အား အရန်အသင်းနည်းပြအဖြစ် ယမန်နေ့က အတည်ပြုခန့်အပ်လိုက်ပြီ ဖြစ်သည်။

နယူးကာဆယ်၊ ချယ်လ်ဆီးနှင့် ဝက်စ်ဟမ်းအသင်းတို့တွင် လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်ခဲ့ဖူးသူ စတိဗ်ကလပ်သည် ရာသီကုန်အထိ လီဗာပူးအသင်းအား ကိုင်တွယ်မည့် မန်နေဂျာကင်နီဒါးဂလစ်ရှ်၏ လက်အောက်တွင် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ဒါးဂလစ်ရှ်သည် ကွင်းတွင်းရလဒ်များ ပြန်လည်ကောင်းမွန်လာစေရန်အတွက် နည်းပြအဖွဲ့အား အင်အားဖြည့်တင်းနေသည်။

ချယ်လ်ဆီးအသင်းတွင် မော်ရင်ဟိုနှင့်အတူ တာဝန်ထမ်းဆောင်ခဲ့ဖူးသော စတိဗ်သည် ပြီးခဲ့သည့် နွေရာသီက ဗီလာအထုတ်ပယ်မခံရသေးခင် အချိန်အထိ ဝက်စ်ဟမ်းအသင်းတွင် လက်ထောက်နည်းပြအဖြစ် တာဝန်ယူခဲ့သည်။

နည်းပြအတွေ့အကြုံကြွယ်ဝသော ၎င်းကို ဒါးဂလစ်ရှ်က သဘောကျ၍ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ "စတိဗ်ကို ခေါ်ယူနိုင်မှုဟာ ကျွန်တော်တို့ နည်းပြအဖွဲ့အတွက် တကယ့်အားဖြည့်မှုပဲဖြစ်ပါတယ်။ သူ့ကို အသင်းအတွက် ခေါ်ယူနိုင်ခဲ့တဲ့အတွက် ကျေနပ်မိပါတယ်"ဟု ဒါးဂလစ်ရှ်က အသင်း၏ တရားဝင်ဝက်ဘ်ဆိုဒ်ကို ပြောသည်။

လီဗာပူးအသင်းအနေဖြင့် ဗုဒ္ဓဟူးနေ့တွင် ဘလက်ပူးလ်အသင်း၏အိမ်ကွင်း၌ သွားရောက်ကစားပြီး ယင်းတို့၏ ပရီမီယာလိဂ်ရလဒ်ဆိုးရွားနေမှုများကို ချေဖျက်ရတော့မည်ဖြစ်သည်။

သတင်းများ၏အဆိုအရ စတိဗ်ကလပ်သည် ယခုအခါ လီဗာပူး၏ လေ့ကျင့်ရေးကွင်း မဲလ်ဝုဒ်တွင် တာဝန်ထမ်းဆောင်နေပြီဟု သိရသည်။

အင်တာနက်။

အမြို့မြို့ အနယ်နယ်တွင် သာယာစည်ပင်

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် လွတ်လပ်ရေးပန်းခြံအတွင်း မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တေဇရပ်ကွက် ရာဇဓိရာဇ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၃၁ ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျောင်းကုန်းမြို့ အမှတ်(၁)ရပ်ကွက် ဌာနာ(၁)လမ်းနှင့် ပုလဲလမ်းထောင့်တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းပြုလုပ်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွှန့်ဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးသန့်ဇော်လွင်တို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့မဈေးကြီး၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်စဉ်။

(မြို့နယ်စည်ပင်)

ဇန်နဝါရီ ၈ ရက်က အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားတွင် ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းဖော်ပြပြီး)(သတင်းစဉ်)

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အသင်း၏ (၃၁)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံနှင့် (၁၂)ကြိမ်မြောက် FDI- MDA Joint Educational Meeting တို့ကို ဇန်နဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel ၌ ကျင်းပမည်ဖြစ်ရာ ညီလာခံသို့တက်ရောက်မည့် အသင်းဝင်များသည် ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် Traders Hotel ၌ မှတ်ပုံတင် စာရင်းပေးသွင်းရမည်ဖြစ်သည်။

အဆိုပါ ညီလာခံတွင် သုတေသနစာတမ်းဖတ်ပွဲများ၊ အားကစားပြိုင်ပွဲများနှင့် သက်ကြီးဆရာဝန်ကြီးများအား ဂါရဝပြု ကန်တော့မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ထူးခြားသည့်အခွင့်အရေး OK BIG SALE

သတင်းဆောင်းပါး-ဇော်ထူး ဓာတ်ပုံ-ရဲထွဋ်

နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးသည့် အချိန်ကာလများတွင် ကုမ္ပဏီများသည် ဈေးရောင်းပွဲတော်များကျင်းပ၍ မိမိတို့၏ထုတ်ကုန်ပစ္စည်းများ၊ တင်သွင်းဖြန့်ဖြူးသည့် ပစ္စည်းများကို ဈေးနှုန်း အထူးလျှော့ချ၍ ရောင်းချလေ့ရှိကြသည်။ အထူးဈေးရောင်းပွဲတော်များကို စောင့်ဆိုင်းဝယ်ယူအားပေးသူများလည်းရှိရာ ဈေးရောင်းပွဲတော်တိုင်း ဝယ်ယူအားပေးသူများဖြင့် စည်ကားမြဲပင်ဖြစ်သည်။

OK Myanmar ကုမ္ပဏီက SANYO, DAEWOO နှင့် HQ အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းများ အထူးဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းဆုံ Excel Treasure Tower ကားဝင်း၌ လာမည့် ဇန်နဝါရီ ၁၃ ရက်မှ ၁၇ ရက်ထိ ကျင်းပမည်ဟု ကြားသိရသဖြင့် သတင်းအဖွဲ့ သွားရောက်လေ့လာခဲ့သည်။

OK Myanmar ကုမ္ပဏီ ဒါရိုက်တာ ဦးဇော်ဝိတ်က "ကျွန်တော်တို့ကုမ္ပဏီက တင်သွင်းဖြန့်ဖြူးတဲ့ SANYO၊ DAEWOO နဲ့ HQ အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းတွေကို သုံးစွဲသူတွေ ဈေးနှုန်း သက်သက်သာသာနဲ့ ဝယ်ယူအသုံးပြုနိုင်အောင် တုံ့ပြန်ကျေးဇူးဆပ်တဲ့အနေနဲ့ ဒီအထူးဈေးရောင်းပွဲတော် OK BIG SALE ကို ကျင်းပရခြင်းပါဗျာ"ဟု ကြိုဆိုရှင်းပြသည်။

OK Myanmar ကုမ္ပဏီအနေဖြင့် အခြားကုမ္ပဏီများက ပြုလုပ်သည့် ဈေးရောင်းပွဲတော်များတွင်လည်း အခါအားလျော်စွာ ပူးပေါင်းပါဝင်ပြသရောင်းချခဲ့သည်ကို မိမိတို့သိရှိခဲ့ရပြီးဖြစ်သည်။

"ဒီဈေးရောင်းပွဲတော်မှာ သုံးမျိုးသုံးစား ဈေးလျှော့ခြင်းဖြင့် ရောင်းချသွားမှာပါ၊ ထုတ်လုပ်တဲ့ပင်ရင်းကုမ္ပဏီက လျှော့တဲ့ဈေး၊ တင်သွင်းဖြန့်ဖြူးတဲ့ ကျွန်တော်တို့ ကုမ္ပဏီကလျှော့တဲ့ဈေး၊ စုပုံရှင်းလျှော့ဈေး (Clearance Sale) ဆိုပြီး ဈေးလျှော့ချရောင်းချသွားမှာဖြစ်ပါတယ်။

"SANYO ဆိုရင် LCD TV နဲ့ Air Con နှစ်မျိုးကို ကျွန်တော်တို့ မူလဝယ်ရတဲ့ဈေးထက် ဒီပွဲတော်မှာ ဈေးလျှော့ရောင်းချနိုင်ဖို့ ကုမ္ပဏီကိုယ်တိုင်က ဈေးလျှော့ပေးထားပါတယ်။ HQ Chest Freezer ဆိုရင်လည်း ဒီအတိုင်းပဲ မူရင်းကုမ္ပဏီက ရောင်းနေကျဈေးထက် ရောင်းချမည့်အလုံးရေ အကန့်အသတ်ရှိသဖြင့် အမြန်လာရောက် ဝယ်ယူရန်သာ လိုပေသည်။

ဤဈေးရောင်းပွဲတော်တွင် ၂၀ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ ကုန်ပစ္စည်းအမျိုးအစားအလိုက် ဈေးလျှော့ရောင်းချသွားမည်ဖြစ်ပေသည်။ Model ဟောင်းပစ္စည်းများ၊ ထပ်မံတင်သွင်းရန် မရှိတော့သည့် ပစ္စည်းများကို စုပုံရှင်း



ဒီဈေးရောင်းပွဲတော်မှာ ဈေးလျှော့ရောင်းနိုင်အောင် စီစဉ်ပေးထားပါတယ်။ DAEWOO အဝတ်လျှော်စက်များကလည်း ဒီအတိုင်းပါပဲ။ ပြင်ပပေါက်ဈေးတွေထက် သိသိသာသာသက်သာပါတယ်"ဟု ဦးဇော်ဝိတ်က ရှင်းပြသည်။ ဝယ်ယူအားပေးမည့် သူများအနေဖြင့် လျှော့ဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်ရာ ဈေးလျှော့သည့်ရာခိုင်နှုန်း အများဆုံးဖြစ်မည့် လျှပ်စစ်ပစ္စည်းများဖြစ်သည်ဟု သိရသည်။

"ဒီဈေးရောင်းပွဲတော်မှာ အချို့ရည်ပစ္စည်းသစ်တွေ၊ လျှပ်စစ်ပစ္စည်းသစ်တွေကိုလည်း သုံးစွဲသူများအား မိတ်ဆက်သည့်အနေဖြင့် ဈေးလျှော့ရောင်းချသွားမှာဖြစ်ပါတယ်။ ဥပမာ SANYO Solar ဘက်စုံသုံး မီးအိမ်ကို အထူးဈေးနှုန်းနဲ့ရောင်းဖို့ စီစဉ်ထားပါတယ်"ဟု တာဝန်ရှိသူက ဖြည့်စွက်ရှင်းပြသည်။

ဈေးရောင်းပွဲတော်တွင် Excel Shopping Mall ကလည်း အိမ်သုံးလျှပ်စစ်ပစ္စည်းမျိုးစုံ၊ နာမည်ကြီးအမှတ်တံဆိပ် အဝတ်အထည်များ၊ အလှကုန်ပစ္စည်းများ၊ Fancy ပစ္စည်းများကိုလည်း ဈေးသက်သာစွာဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ပစ္စည်းမှန်၊ အရည်အသွေးမှန်သည့် အိမ်သုံး၊စီးပွားရေးလုပ်ငန်းသုံး SANYO၊ DAEWOO နှင့် HQ အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းအမျိုးမျိုး ရောင်းချမည့် ဈေးရောင်းပွဲတော်တွင် ဗလာမပါကံစမ်းမဲပါမည့်အပြင် လက်ဆောင်ပစ္စည်းများလည်း ပေးသွားမည်ဟုသိရှိခဲ့ရပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

SANYOဆိုလာဘက်စုံသုံးမီးအိမ်များသည် အကြမ်းခံပြီးအလင်းအားကောင်းမွန်သည်။ USB ပေါက်ပါရှိသည့်အတွက် အသေးစားလျှပ်စစ်ပစ္စည်းများ အားသွင်းနိုင်သည်။



နှစ်ပေါင်းများစွာကပင် လူသုံးများထင်ရှားခဲ့သည့် SANYO လေအေးပေးစက်များအား ဈေးပွဲတော်တွင် အရေအတွက် ကန့်သတ်၍ အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေသည်။

အန္တရာယ်ရှိ အဆောက်အအုံ ဖျက်စဉ် ပြိုကျမှုဖြစ်ပွား

ရန်ကုန် ဇန်ဝါရီ ၁၁

ပုဇွန်တောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ နှစ်ထပ်အဆောက်အအုံကို ယနေ့ နံနက် ၈ နာရီမှစတင်ဖျက်ချခဲ့ရာ လုပ်ငန်းသိမ်းချိန် ညနေ ၅ နာရီခန့်တွင် ပြိုကျမှုဖြစ်ပွားသဖြင့် အလုပ်သမားတစ်ဦးထိခိုက်ဒဏ်ရာရသွားသည်။

အဆိုပါ အဆောက်အအုံမှာ ပုဇွန်တောင်မြို့နယ်အတွင်းရှိ အန္တရာယ်ရှိအဆောက်အအုံများတွင် ပါဝင်ပြီး အန္တရာယ်ရှိ အဆောက်အအုံအဖြစ် မြို့တော်စည်ပင်က ကြေညာထားသည်မှာ လေးနှစ်ကျော်ပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

- တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများအတွက် ဖိတ်စာများပေးပို့ လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်

နေပြည်တော်သို့ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အရောက် သတင်းပို့ကြရမည်

နေပြည်တော် ဇန်နဝါရီ ၁၁

ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမနှင့် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတို့၌ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်(တနင်္လာနေ့) နံနက် ၈ နာရီ ၅၅ မိနစ်တွင် စတင်ကျင်းပရန် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးများ တက်ရောက်ရန် ဖိတ်စာများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပြီးဖြစ်သည်။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးများအတွက် လိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်နိုင်ရေးအတွက် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်သို့ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၇ ရက်(ကြာသပတေးနေ့)အရောက် သတင်းပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အကောင်းဆုံးကစားသမား ရွှေဘောလုံးဆုရ မက်ဆီနှင့် အကောင်းဆုံးအမျိုးသမီးဆုရ မာတာတို့အား ဆုယူအပြီးတွေ့ရစဉ်။

ဖီဖာ၏ တစ်နှစ်တာအကောင်းဆုံးဆုများ ပေးအပ်ချီးမြှင့် ၂၀၁၀ ခုနှစ် ရွှေဘောလုံးဆု မက်ဆီရရှိ

နိုင်ငံတကာ အားကစားသတင်း

ဝင်းတင်(ကြေးမုံ)

ဇူးရစ် ဇန်နဝါရီ ၁၁

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ၂၀၁၀ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံးဆုများကို အဖွဲ့ချုပ်တည်ရှိရာ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့၌ ယမန်နေ့က ကျင်းပခဲ့ရာ အကောင်းဆုံးကစားသမား ရွှေဘောလုံးဆုကို ဘာစီလိုနာအသင်းမှ အာဂျင်တီးနားကစားသမား မက်ဆီက ရရှိသွားသည်။

မက်ဆီသည် ယခုဆုကို တစ်သင်းတည်း ကစားဖော်များဖြစ်သည့် စပိန်နိုင်ငံသားများဖြစ်သော ဇာဗီနှင့် အင်နီယေစတာတို့ကို ကျော်ဖြတ်၍ ရရှိခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့အကောင်းဆုံး ရွှေဘောလုံးဆုကို နှစ်နှစ်ဆက်တိုက်ရရှိခဲ့သည့် မက်ဆီက ယခုလိုဆုထပ်မံရရှိခြင်းအတွက် အံ့သြခဲ့ရကြောင်းပြောကြားသွားသည်။တစ်နှစ်တာ အကောင်းဆုံးအမျိုးသမီးဆုကို ဘရာဇီးကစားသမား မာတာ၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ◆